mgyoe.com

SAMPLE BOOK

# ကမာရွတ်အိပ်မက် လှည်းတန်းပုံပြင်


ပန်းငုဝါဝါ



mgyoe.com

mgyoe.com SAMPLE BOOK

အတိတ်ကာလမှာ လှပသည့် အမှတ်တရကောင်းများရှိခဲ့သည်။
ငယ်ငယ်သည် ထိုအတိတ်ထဲက လှပသည့် အမှတ်တရတစ်ခုဖြစ်သလို
ကျွန်တော့် အသက်ရှင်သန်ရာအချိန်ထိ၊
ကျွန်တော့် နှလုံးခုန်သံတို့ ရပ်တန့်မသွားခင်အချိန်ထိ ကျွန်တော်
အမြဲတမ်းမက်နေဦးမည့် အိပ်မက်လှလှကလေးလည်းဖြစ်သည်။



Illustrated by mar na

ကဗျာရွတ်အိပ်မက် လှည်းတန်းပုံပြင်
9 782023 000540

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၅၄)

## ပုံနှိပ်မှတ်တမ်း



# ပန်းငုဝါဝါ

## ကမာရွတ်အိပ်မက်. . . လှည်းတန်းပုံပြင်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ မာဏ

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၅၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ပန်းငုဝါဝါ
ကမာရွတ်အိပ်မက်. . . လှည်းတန်းပုံပြင် / ပန်းငုဝါဝါ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၂၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၅၄) ကမာရွတ်အိပ်မက်. . . လှည်းတန်းပုံပြင်

mgyoe.com

mgyoe.com SAMPLE BOOK

## ကမာရွတ်ရယ်၊ လှည်းတန်းရယ်၊ ရှေးရှေးတုန်းက အမှတ်တရတွေရယ်...

ကမာရွတ်အိပ်မက်၊ လှည်းတန်းပုံပြင် စာအုပ်ဟာ ကျွန်မရဲ့ငယ်ဘဝ တစ်စိတ်တစ်ပိုင်းကိုသာ အခြေခံပြီး ကျွန်မ ရေးခဲ့ဖူးတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ထဲက ဇာတ်ကောင်အမျိုးသမီးလေးကို စိတ်ကူးနဲ့ ကွန့်မြူး ပေါင်းစပ်ဖန်တီးထားတဲ့ ဇာတ်လမ်းရိုးရိုးလေး တစ်ပုဒ်ရယ်ပါ။ ကမာရွတ်မှာမွေး ကမာရွတ်မှာပဲ ကြီးပြင်းရှင်သန်ခဲ့ရတဲ့ ကျွန်မအတွက်တော့ ကမာရွတ်ဟာ အမည်နာမလေး ရေရွတ်မိရုံနဲ့ ချစ်စဖွယ် ခံစားမိရပါတယ်။ ထို့အတူပဲ ကမာရွတ်နဲ့ သိပ်မဝေးလှသလို တစ်ဆက်တည်း ရှိနေလေတဲ့ လှည်းတန်းဟာလည်း ကျွန်မရဲ့ စိတ်မှတ်ဉာဏ်ထဲ အမြဲတစေ ရှိနေပါတယ်။

ကမာရွတ်သူ ကျွန်မရဲ့ ကျောင်းတက်ရက် ငယ်ဘဝများမှာ လှည်းတန်းဟာလည်း ချန်ရစ်ခဲ့လို့မရတဲ့အရာတစ်ခုပါ။ ထန်းတပင်ကျောင်းလမ်း၊ ဓေယျာသီရိလမ်း၊ ဦးထွန်းလင်းခြံလမ်းနဲ့ ပေ ၅၀ လမ်း တစ်လျှောက်က စျေးတန်း၊ ဆကာကြီးမုန့်ဟင်းခါး၊ လှည်းကလေးနဲ့ ဒိန်ချဉ်သည်ဆိုင်၊ ပြည်မြန်မာ ကုန်တိုက်နောက်က စာအုပ်အဟောင်း ဆိုင်လေးတွေကလည်း လွမ်းစရာကောင်းလှသလို ဘောလုံးပန်းပင်ကြီးနဲ့ ပုဏ္ဏရိက်ပန်းကလေးများကလည်း ချန်ရစ်ခဲ့လို့မရတဲ့ အမှတ်တရတွေ ဖြစ်ပါတယ်။

ဆူးလေအထိ ရောက်တဲ့ ၄၅ ဘတ်စ်ကား၊ ၄၈ လိုင်းခုံးကားပေါ် တိုးဝှေ့

mgyoe.com

mgyoe.com

တက်နေတဲ့ ခရီးသွားများ၊ နာမည်ရအဆိုတော်များ၏ တေးစီးရီးသံများ လွင့်ပျံ့နေလေ့ရှိသည့် လက်ဖက်ရည်ဆိုင်ရဲ့ မြင်ကွင်းများ၊ အဆောင်သူလေးတွေရဲ့ ချစ်စဖွယ် ညနေခင်းများဟာ လှည်းတန်းပုံရိပ်ဖြစ်သလို အထင်ကရ ရှိပြီး အစဉ်အလာကြီးလှတဲ့ ရန်ကုန်တက္ကသိုလ်ကြီးဟာလည်း ကမာရွတ်၊ လှည်းတန်းလို့ ပြောလိုက်ရင် တွဲမှတ်မိနေလေ့ရှိတဲ့ အရာတစ်ခုပါ။ ဒီလိုအရာတွေ ရှိရာ အရပ်၊ ငယ်ဘဝမှတ်ဉာဏ်ထဲက ပုံရိပ်တစ်ပိုင်းတစ်စ၊ ချစ်ခင် ကျင်လည်ရာ အရပ်ဒေသကို ချစ်စိတ်၊ ပြန်ပြောင်းလွမ်းစိတ်နဲ့ ရေးဖြစ်ခဲ့ပါတယ်။

စာအုပ်လေးကို ရုပ်လုံးပေါ် လာအောင် ကျွန်မရဲ့မွေးလမှာ ထွက်ရှိနိုင်ဖို့ စီစဉ်ပေးမယ်လို့ ထုတ်ဝေသူက ဆိုတဲ့အခါ တကယ့်ကို အမှတ်တရ ဖြစ်ရပါတယ်။ ဒီစာအုပ်လေးဟာ ကျွန်မအတွက်တော့ ထူးခြားလေးနက်တဲ့ မွေးနေ့လက်ဆောင်မွန်ပါပဲ။ ဒီ့အတွက်လည်း စာရေးသူတွေရဲ့ မွေးလလေးတွေမှာ အမှတ်တရဖြစ်အောင် စီစဉ်ပေးတတ်တဲ့ စာရိပ်မြိုင်ရဲ့ထုတ်ဝေသူ ကိုပြည့်အာကာကိုလည်း မှတ်မှတ်ရရ ကျေးဇူးတင်ရပါတယ်။

ကမာရွတ်သူဟာ ကမာရွတ်မှာနေပြီး ကမာရွတ်ကို ချစ်ရ၊ လှည်းတန်းကို လွမ်းရဆဲပါပဲ။ အတိတ်ဟာ မချန်ရစ်လည်း ကျန်ရစ်ခဲ့ရစမြဲပါပဲ။ အတိတ်ရဲ့ အမှတ်တရတွေဟာ လှပနေခဲ့ရင်တော့ တသသ ပြန်ပြောင်း ပြောနေစေဖို့ လုံလောက်တာပဲ မဟုတ်ပါလား။

ပန်းငုဝါဝါ
နံနက် ၁ နာရီ၊ ၂၀ မိနစ်။
မေ ၁၈၊ ၂၀၂၃။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၈)

သည်လမ်းကလေးကို ခြေချမိတော့ သည်ပုံရိပ်ဟန်ပန်တွေကို ပြန်မြင်ယောင်လိမ့်မည်ဟု သိနှင့်နေသည်။ မညီမညာ ကွေ့ကောက် ပြေပြစ်ခြင်း မရှိခဲ့သည့် ဟိုအရင် မြေသားလမ်းလေးဟာ ကွန်ကရစ် အပြည့်ခင်းထားသည့် လမ်းကလေး အဖြစ် ပြောင်းလဲလို့သွားခဲ့ပြီ။ ဟိုအရင်အချိန်များက ကိုယ်ပိုင်ဝင်းခြံကလေးများနှင့် အိမ်ကလေးများ နေရာတွင်တော့ မိုးမျှော်တိုက်ခန်းများက နေရာယူလို့ သွားလေပြီ။

မိုးအခါနှင့် ဆောင်းဝင်စညနေများဆို ဘောလုံးကလေးတွေ ချိတ်ဆွဲထားသလို တစ်ပင်လုံး ဝါထိန်နေအောင် ပွင့်နေတတ်သည့်၊ လမ်းကလေးရဲ့ အမှတ်အသားတစ်ခုဖြစ်သည့် ဘောလုံးပန်းပင်ဟု ခပ်လွယ်လွယ်ခေါ်လေ့ရှိသည့် မအူပင်ကြီးလည်း ရှိမနေတော့။ ကွန်ကရစ်အပြည့်ခင်းထားလေသည့် လမ်းသစ်ကလေး ဖြစ်နေပေမယ့် ခြေလှမ်းများက အနှစ်နှစ် အလလက ဖြတ်လျှောက်ဖူးသူမို့ ယိမ်းယိုင်သွားခြင်း မရှိ။ တစ်စုံတစ်ရာက ညို့ငင်နေသလို။

သည့်အရင်တုန်းကတော့ ကားနှစ်စီးစာသာသာ သွားလို့ရလေသည့် လမ်းမကြီးထက်မှာ အခု ဆိုင်ငယ်တချို့ နေရာယူထားကြလေပြီ။ ဟောဟိုနေရာက ကျွန်တော်နှင့် ငယ်ငယ်တို့ ဘောလုံးပန်းလေးတွေနှင့် ပစ်ပေါက်တမ်း ကစားခဲ့သည့် နေရာ။ ဟောသည့်နေရာက ငယ်ငယ့်ကို စက်ဘီးအစီး သင်ပေးခဲ့လေသည့်နေရာ။

"ကိုကိုရေ လက်မလွှတ်လိုက်နဲ့နော်" ဆိုသည့် ငယ်ငယ့်စကားကို မကြား

mgyoe.com

mgyoe.com

ဟန်ပြုရင်း လက်လွှတ်လိုက်သည့်ခဏ အရှိန်နှင့်ထွက်သွားလေသည့်စက်ဘီးက ထိုးထိုးထောင်ထောင်ရှိနေသည့် အုတ်ခဲအပိုင်းအစကို တိုက်မိရင်း စက်ဘီးအစီး သင်စ ငယ်ငယ်နှင့် စက်ဘီး တခြားစီ လွင့်စဉ်ခဲ့သည့် အတိတ်က အမှတ်တရအချို့ ရှိနေခဲ့လေသည့် နေရာ။

မှတ်မှတ်ထင်ထင်ဆိုရပါမူ တံတောင်ဆစ်နှင့် ဒူးခေါင်းပွန်းပဲ့ သွေးစို့ သည်အထိ ထိခိုက်မိသည့် ငယ်ငယ် ကျွန်တော့်ရှေ့မှာ ကလေးငယ်တစ်ယောက် လို မျက်ရည်ပေါက်ပေါက်ကျရင်း ရှိုက်ငိုခဲ့လေသည်။ ထိုအချိန်လေးအတွင်းမှာ သည်မိန်းကလေး ကျွန်တော့်ရင်ထဲကို ရောက်လာခဲ့သည်လား။ သေချာသည်က သည်မိန်းကလေးဟာ ကျွန်တော့်ရဲ့အချစ်ဦး ဖြစ်လာလိမ့်မည်ဟုတော့ တွေးထင် မှတ်ယူခဲ့ရဖူးသည်။

အနှစ်နှစ် အလလက ဖြတ်လျှောက်ခဲ့ဖူးလေသည့် သည်လမ်း၊ သည်မြင် ကွင်းတို့ဟာ အရာရာပြောင်းလဲစပြုနေပေမယ့် ရှိနှင့်ခဲ့ဖူးသည့် အချိန်များအတိုင်း၊ နေရာများအတိုင်း စိတ်နှလုံးဖြင့် ပုံဖော်ကြည့်၍ စိတ်နှလုံးဖြင့် မြင်ရလေပြီ။

ဟောဟိုမှာ ကုပ်ဝဲသာသာရှိသည့် ဆံနွယ်တွေကို တစ်ဖက် တစ်ချက် စည်းနှောင်ပြီး သနပ်ခါး ပါးကွက်ကျားလေးဖြင့် လှနေသည့် ချာတိတ်မလေး။ ကျွန်တော့်ကို ကိုကို ဟုခေါ်တတ်ပြီး ဘယ်သွားသွား တကောက်ကောက် လိုက်နေ တတ်သည့်၊ အစ်ကိုရင်းဖြစ်သူထက် ပိုပြီး တွယ်တာလေသည့် ကောင်မလေး။

ပန်းနုရောင် ဂါဝန်ကားကားလေးနှင့် ကလေးတစ်ယောက်လို ခုန်ပေါက် ပျော်မြူးနေတတ်သည့် ငယ်ငယ်ရယ်လေ။ စိတ်ထဲ အခုပင် လှမ်းမြင်မိနေသယောင် ထင်မိပြန်သည်။ နှစ်ပေါင်းများစွာ စိတ်ကူးနှင့် ပုံဖော်ကြည့်ရင်း လွမ်းနေခဲ့သည်များ သိပ်မကြာခင် မြင်တွေ့ခွင့်ရတော့ မည်ဆိုပါမှ ကျွန်တော့်ရင်က ပို၍ ခုန်နေခဲ့သည် လား။

*"မင်းကလေးနဲ့ တို့နဲ့ကြားက ခင်မင်မှုစည်းxxx တိုးရှေ့သို့ ကိုယ်ဝင်လာ ချင်ပေမယ့်xxx"*

ငယ်ငယ်သိပ်ကြိုက်ခဲ့ပြီး ကျွန်တော် ဂီတာတီးဆိုပြခဲ့ဖူးသည့်၊ ငယ်ငယ့် ကို လွမ်းတိုင်း ဆိုညည်းတတ်ခဲ့သည့် သီချင်း ဖုန်းဆီက ထမြည်တော့ ရင်ထဲ ကျဉ် ခနဲ ဖြစ်ရသည်။ သည်သီချင်းသံကြားရင် ငယ်ငယ် ပြုံးနေလေမလား၊ ဒါမှမဟုတ် ကျွန်တော့်ကို ခပ်စွေစွေ လှမ်းကြည့်တတ်သည့် မျက်ဝန်းဖျော့ဖျော့လေးဆီမှာ မျက်ရည်စတို့နှင့် ဝေ့သီနေမည်လား။ ပင့်သက်တစ်ရှိုက် ခပ်လေးလေး ချလိုက်မိ

mgyoe.com

mgyee.com SAMPLE BOOK

ပြန်သည်။

လမ်းမကြီးကို ဖြတ်လျှောက်ပြီးသည့်နောက်တော့ လမ်းသွယ်ကလေးထဲ ရောက်လာချေပြီ။ ရှေ့တည့်တည့်မှာ မြင်နေရသည်က အထပ်မြင့်တိုက်ခန်းတွေကြားမှာ ကျန်ရစ်နေသည့် ဝင်းခြံကလေးနှင့် ပျဉ်ထောင်အိမ်လေး။ ခြံကလေးရဲ့ အမှတ်သညာတစ်ခုအဖြစ် ခြံစည်းရိုး ဘေးတစ်လျှောက်မှာ လှပစွာ နေရာယူထားလေသည်က ပုဏ္ဏာရိက်ပန်း နီနီကလေးများ။

ပုဏ္ဏာရိက်ပန်းပွင့်လေးကို ဆွတ်ယူမိတော့ ပုဏ္ဏာရိက်ပန်းလေးတွေကို နားနောက်ညှပ်ပန်ရင်း "ကိုကိုရေ ငယ်ငယ်နဲ့ ဒီပုဏ္ဏာရိက်ပန်း ဘယ်သူက ပိုလှလဲ" ဆိုကာ မူနွဲ့နွဲ့ ဟန်ပန်လေးနှင့် မေးတတ်သည့် ငယ်ငယ့်ပုံရိပ်ဟာ သူ့ ဦးနှောက်ထဲ ဓာတ်ပုံရိုက်ထားလေသည့်နှယ် တဖျပ်ဖျပ် ထင်ဟပ်လာခဲ့လေသည်။

❑

"ဒါက ဦးရဲ့ဇနီး ဒေါ်အေးမြနွယ်။ ဒါက ဦးရဲ့ သား သူရအောင်တဲ့။ မင်းနဲ့ဆို အသက်အရွယ် အတူတူပဲ။ အဲတော့ ဒီနှစ် ကျောင်းတက်ရတဲ့အခါ မင်းတို့ညီအစ်ကိုနှစ်ယောက်က အဖော်ရပြီ။ ဟော့ မီးငယ်ရေ ဖေကြီးဆီလာပါဦးကွ။ သူလေးက ဦး သမီးငယ်လေး။ ချောငယ်ငယ်တဲ့။ ဒီနှစ် စတုတ္ထတန်းတက်မယ့် ကျောင်းသူကြီးပေါ့ကွာ။ ငယ်ငယ်လည်း မှတ်ထားနော် သူက သမီး အစ်ကို သူရလိုပဲ သမီး ကိုကိုပဲ။ ဒီနေ့ကစပြီး မောင်ဇော်လတ်ဟာ ဦး သားနဲ့ သမီးလိုပဲ ဦးတို့ ဒေါ်လေးနွယ်တို့ရဲ့ သားတစ်ယောက်ပဲဆိုတာ မှတ်ထားနော်"

ဦးစကားဆုံးတော့ ကျွန်တော့်ကို သူရက လှမ်းပြုံးပြသည်။ သူရ၏ လိုလိုလားလား ပြုံးပြသည့် အပြုံးကြောင့် စိတ်ထဲ နည်းနည်း တော့ ပေါ့ပါးသွားရသည်။

ဒီအိမ်မလာခင်မှာ ဦးက သူ့မှာ ကျွန်တော်နှင့်ရွယ်တူ သား တစ်ယောက်နှင့် ကျွန်တော့်ထက်ငယ်သည့် သမီးတစ်ယောက် ရှိသည်ဟု ပြောပြထားသည်။ ကျွန်တော့်ကို မြင်လျှင် ကြည်ဖြူကြပါ့မလား ဆိုသည့်စိတ်နှင့် လာရာလမ်းတစ်လျှောက် စိုးထိတ်နေခဲ့မိသေးသည်။ အခု ဦး သားနှင့် သမီးဟာ ကျွန်တော့်ကို လိုလားနွေးထွေးစွာ ကြိုဆိုပေးလေသည်မို့ စိတ်ထဲ ဝမ်းနည်းဝမ်းသာ ခံစားလိုက်ရသည်။

ဒေါ်လေးအေးမြနွယ်ကတော့ နာမည်နှင့်လိုက်အောင်ပင် ငြိမ်းချမ်းအေးမြလှပါသည်။ သူ့ကိုယ်သူ ငယ်ငယ်ကလေ အစချီလေ့ရှိပြီး ကျွန်တော့်ကိုစတွေ့တွေ့ချင်းပင် ကိုကို ဟု ခေါ်တတ်သည့်၊ ချစ်စဖွယ်စကား တီတီတာတာ ဆိုတတ်သည့်

mgyee.com

ကလေးမလေးကတော့ နောင်များဆို တစ်အိမ်သားလုံးအပေါ် ဗိုလ်ကျ အနိုင်ယူ ဆိုးနွဲ့တတ်သည့် ကလေးမလေး ဖြစ်လာခဲ့ပါသည်။

အမိအဖတွေနှင့် ပျော်ရွှင်ငြိမ်းချမ်းစွာ နေခဲ့ရသည့် ကျွန်တော်ဟာ ဘဝမှာ ပျော်ရွှင်ခြင်းတွေသာ ကြုံတွေ့ပိုင်ဆိုင်ရလိမ့်မည်ဟု ထင်မှတ်ထားခဲ့ဖူးသည်။ ကျွန်တော့်အတွက်တော့ ပျော်ရွှင်ခြင်းဟာ ပိုင်ဆိုင်ချိန် တိုတောင်းခဲ့ပါသည်။

အလုပ်လောဘကြီးသည့် အဖေဟာ အစားအသောက် အချိန်မမှန်လေသည်မို့ အစာအိမ်ရောဂါ စတင်ခံစားလာရတော့သည်။ တစ်စ တစ်စနှင့် အဖေ့အစာအိမ်ရောဂါဟာ ပြင်းထန်လာသဖြင့် မကြာခဏ ဆိုသလို ဆေးရုံ၊ ဆေးခန်းမပြတ်ဖြစ်ခဲ့ရသည်။ နောက်ဆုံး တစ်ခေါက်တွင်တော့ အဖေဟာ အစာအိမ် သွေးကြောပေါက်သည်အထိဖြစ်ခဲ့ပြီး ထိုရောဂါနှင့်ပင် ကျွန်တော်နှင့် အမေ့ကို စောစီးစွာ ထားသွားခဲ့သည်။

အမေဟာ တစ်ကောင်ကြွက် မျက်နှာမွဲမို့ အဖေ့ဆွေမျိုးများက သဘောမကျခဲ့။ အမေ့ကို သိပ်ချစ်သည့် အဖေဟာ မိဘဆွေမျိုးတွေနှင့် သေခန်းဖြတ်လို့ အမေ့ကို ရွေးချယ်ခဲ့သည်။ ဒါကြောင့်နှင့် တူပါရဲ့ အမေကလည်း အဖေ့ကိုဆို ချစ်ရှာသည်။ အဖေ တိမ်းပါးသွားသည့်တိုင် အဖေ့ဆွေမျိုးများ၏ အကူအညီကို လက်မခံခဲ့။

ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့ရသည့် အမေဟာ သူ့အပေါ် အလဲထိုးသွားသည့် လောကဓံကို ကြာကြာအရှုံးမပေး ပြိုလဲနေရာက လူးလဲထရင်း အလုပ်ကို ကြိုးစားလုပ်ခဲ့သည်။ အဖေ ဆေးကုစဉ်က အိမ်ပိုင်ဘဝကနေ အိမ်ငှားဘဝ ဖြစ်ခဲ့ရရုံမျှမက အကြွေးပါ ထပ်တင်ခဲ့သေးသည်။ ထိုသို့ ကြုံခဲ့ရလည်း အမေဟာ အဖေ့အပေါ် ပြစ်တင် ငြိုငြင်မှု ကင်းကင်းဖြင့် ကြုံလာသမျှ ဒုက္ခတွေကို ခါးစည်းခံရင်း ကျွန်တော့်ကိုပါ အဖေ့ကိုယ်စားတိုးကာ ချစ်ပေး၊ ဂရုစိုက်ပေးခဲ့သည်။

ခြောက်လတစ်ခါ ပေးချေရသည့် အိမ်ငှားဘဝ၊ အကြွေးပါ ဆပ်နေရသည့် ဘဝမှာ အမေ့လစာတစ်ခုတည်းနှင့် မလုံလောက်တော့ သည့်နောက် အိမ်ရှေ့ ဈေးဆိုင်လေး တည်သည်။ ရာသီပေါ် သီးနှံလေးတွေ ရောင်းသည်။ လမ်းစရိတ် အကုန်အကျသက်သာစေရန် ဈေး ကနေ အိမ်အထိ အထုပ်ကြီး အထုပ်ငယ်များကို နေ့စဉ်လို ကိုယ်တိုင် ရွက်သယ်လေသည်။ ကျွန်တော် ကူညီသယ်ပေးမည်ဆိုတိုင်း အမေဟာ ကျွန်တော့်လက်လေးထဲ အထုပ်ပေါ့လေးတစ်ခုသာ စိတ်ကျေနပ်အောင် ထည့်ဆွဲစေပြီး တခြားတစ်ဖက်ကိုတော့ ကျွန်တော် လွတ်ထွက်သွားမည်စိုးသည့်

mgyoe.com

mgyoe.com SAMPLE BOOK


အလား ကျစ်ကျစ်ပါအောင် ဆွဲထားတတ်သည်။

အရွယ်နှင့်မမျှ ဘဝကို ပင်ပန်းစွာ ဖြတ်ကျော်ခဲ့ရသည့် အမေဟာ ကျွန်တော့်အသက် ၁၁ နှစ်ပြည့်စအရွယ်မှာပင် ဈေးသို့ အသွား လမ်းမှာတင် မူးလဲကျရင်း အသက်ပါ,ပါသွားခဲ့ရသည်။ အမေ ထွက်ခွာသွားခြင်းဟာ ကျွန်တော့် အတွက်တော့ မှီတွယ်ရာကောင်းကင်ကြီးတစ်ခုလုံး မှောင်မိုက်သွားသလို ခံစားခဲ့ရသည်။

အမေဟာ သားဖြစ်သူ ကျွန်တော့်ကို နောက်ဆုံးအချိန်ထိ စောင့်ရှောက်ခဲ့သည်ထင့် နောက်ဆုံးနေ့ ရက်လည်မှာတော့ ဦးမြတ်ငြိမ်းနှင့် ဒေါ်အေးမြနွယ် ဆိုသည့် ဦးနှင့် ဒေါ်လေးတို့ ကျွန်တော့်ဘဝထဲကို ဆိုက်မြိုက်စွာ ရောက်လာခဲ့ပါသည်။

ထိုနေ့က ဦးဟာ သူသည် တက္ကသိုလ်တစ်ခုက ကထိကတစ်ဦးဖြစ်ပြီး ကျွန်တော့်အဖေနှင့် သိပ်ကို ခင်မင်ခဲ့သည့် မိတ်ဆွေရင်းတွေဟု စတင်မိတ်ဆက်သည်။ ကျွန်တော် ငယ်ငယ်က အဖေဟာ တက္ကသိုလ်တစ်ခုမှာ နည်းပြလုပ်ကိုင်ခဲ့ပြီး နယ်ဘက်သို့ တာဝန်ကျသည်။ ထိုတာဝန်ကျသည့်နေရာကို ဦးကလည်း နည်းပြအဖြစ် ရောက်လာခဲ့သည်။ ထိုစဉ်အချိန်က ဦးဟာ နည်းပြပေါက်စ ဖြစ်ကာစပင် ရှိသေးသည်။ ဒေါ်လေး အေးမြနွယ်သည်လည်း ကျောင်းမပြီးသေးသည့် အရွယ်ပင်ရှိသေးသည်။ ဦးနောက် ခိုးရာလိုက်ခဲ့သဖြင့် မိဘများ စိတ်ဆိုးကာ ပစ်ပယ်ထားကြသည်မို့ အဆင်မပြေလှသည့်အချိန် ကျွန်တော့်မိဘတွေက ကူညီစောင့်ရှောက်ထားခဲ့သည်။

နောက်တော့ ဦးတို့မိဘတွေက ပြန်ခေါ်သလို နည်းပြဘဝနှင့် ကျွန်တော့် မိဘတွေလည်း နေရာအနှံ့ပြောင်းနေရသည်မို့ အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြသည်။ ကျွန်တော်တို့ မိသားစုအကြောင်းကို အခါအခွင့်သင့်တိုင်း အမြဲစုံစမ်းနေလေ့ရှိသည့် ဦးဟာ မိတ်ဆွေတစ်ယောက်နှင့် စကားဆက်မိသဖြင့်သာ အဖေနှင့် အမေ့အကြောင်း သိခွင့်ရပြီး ကျွန်တော့်ဆီ ရောက်လာခဲ့ကြခြင်းပါပင်။

စောင့်ရှောက်ခေါ်ယူမည့်သူ မဲ့နေသည့် ကျွန်တော့်ကို ဦးရော ဒေါ်လေးကပါ ရပ်ကွက်လူကြီးတွေရှေ့ ကတိအထပ်ထပ်ပေးပြီး ကျွေးမွေးစောင့်ရှောက်ဖို့ ခေါ်ယူခဲ့သည်။ အရင်အချိန်ကတော့ ကျွန်တော့်မိဘတွေဟာ ဦးနှင့် ဒေါ်လေး အတွက် ကျေးဇူးရှင် ဖြစ်ခဲ့ကြသလို အခုတော့ ဦးနှင့် ဒေါ်လေးဟာ ကျွန်တော့်ဘဝရဲ့ ကျေးဇူးရှင်များပင်။

ကြုံတွေ့ခဲ့ရသည်များကို ပြန်တွေးမိပြီး အမေနှင့် အဖေ့ပုံရိပ်ကို မြင်ယောင်

mgyoe.com

ရင်း စိတ်ထဲ ဝမ်းနည်းမိပြန်သည်။ တစ်ဦးအပေါ် တစ်ဦး သိပ်ချစ်ပြီး၊ သံယောဇဉ်ကြီးကြသည့် အဖေနှင့် အမေကတော့ အခုလောက်ဆို ပြန်ဆုံနေကြရောပေါ့။ ကျွန်တော့်မှာသာ. . .။

မိဘတွေနှင့် နှစ်ကာလကြာမြင့်စွာ မနေခဲ့ရပေမယ့် မိဘတွေနှင့်အတူရှိခဲ့ဖူးသည့် နေ့ရက်တွေဟာ ကျွန်တော့်အတွက် ပျော်ရွှင် ချမ်းမြေ့ခဲ့ပါသည်။

❑

"ကိုကို ရေ။ ဟေး ကိုကို။ ဟာ ကိုကိုကလည်း ငယ်ငယ် ခေါ်နေတာ မကြားဘူးလား။ ဟိုမှာ မိုးတွေ ရွာနေပြီတွေ့လား။ မြန်မြန် လာ၊ ဘောလုံးပန်းတွေ ကြွေကျနေပြီ။ ဟိုမှာ မြင်လား"

"ဟာ မီးငယ် မိုးရေထဲ ပြေးထွက်မသွားနဲ့လေ။ ထီး ပြန်လာယူ။ ဟာ ဒီကောင်မလေး မိုးမိပြီးဖျားပြန်ရင် ဖေကြီးက ငါ့ပဲလာဆူမှာ"

သူရက နောက်က အော်ခေါ်ရင်း ငယ်ငယ့်ဆီ ထီးကို အပြေး လိုက်ပေးသည်။ ဖွင့်ထားသည့် ထီးကို ငယ်ငယ့်လက်ထဲ ထိုးထည့်ပေးသည်။ ငယ်ငယ်က ထီးကို ပြန်ပိတ်ပြီး သူရ ရင်ဘတ်ထဲ ပြန်တွန်းထည့်ကာ တဟေးဟေး အော်ရင်း မိုးရေထဲ ပြေးထွက်သွားတော့သည်။

နောက်ဆုံးတော့ သူတို့ဖြစ်အင်ကို ပြုံးပြီး ကြည့်နေသည့် ကျွန်တော့်လက်ထဲ ထီးတစ်လက်ထည့်ပေးရင်း သူ့ကျောပိုးအိတ်နှင့် ငယ်ငယ့်ကျောပိုးအိတ်ကိုတော့ မိုးမစိုစေရန် ပိုက်ထားပြီး သူရ တစ်ယောက် စစ်ကူတောင်းလေတော့သည်။ ငယ်ငယ်ကတော့ တဟေးဟေးနှင့် အော်ဟစ်ရင်း မိုးရေတွေထဲ ပျော်မြူးလို့နေဆဲ။

"ငယ်ငယ် ဆော့ပြီးရင်လည်း ထီးရိပ်အောက်ဝင်ဖို့ လုပ်တော့။ မိုးမိပြီး ဖျားရင် ဦးနဲ့ ဒေါ်လေး စိတ်ပူရဦးမယ်။ အဆူခံထိလိမ့် ဦးမယ်နော်။ တော်တော့ နော် ငယ်ငယ်က လိမ္မာတယ် လာခဲ့တော့"

ကျွန်တော့်စကားဆုံးတော့ ငယ်ငယ်က ထီးရိပ်အောက် အပြေးလေး လာရပ်ပြီး လက်မောင်းတစ်ဖက်ကို ခိုကာ ဖက်တွယ်ထားသည်။ ငယ်ငယ်ဟာ ရေလေးနည်းနည်း ကြာကြာချိုးလျှင်တောင် အအေးမိကာ ဖျားနာလွယ်လေ့ရှိသည်။ မိုးသည်းသည်း ရွာနေသည့်ကြား အခုလိုမျိုး ပြေးလွှားဆော့ကစားနေတာများ ဒေါ်လေး သိလျှင်တော့ ဆူခံရဦးမည်ပင်။ ငယ်ငယ်ကတော့ သူ လုပ်ချင်တာ လုပ်လိုက်ရသဖြင့် ကျေနပ်သွားပုံမျိုးဖြင့် ကျွန်တော်နှင့် သူရကို ရယ်ကျဲကျဲဖြင့် မျက်နှာချိုသွေးဖို့ လုပ်တော့သည်။

mgyoe.com

mgyee.com SAMPLE BOOK

"ကိုကြီး သူရ။ ငယ်ငယ် ဆော့တာ မေကြီးနဲ့ ဖေကြီးကို ပြန်မတိုင်နဲ့နော်။ ငယ်ငယ့်မှာ ကိုကို ဝယ်ပေးထားတဲ့ ထန်းလျက်ချောင်းတွေ အများကြီးရှိတယ်။ အဲဒါ ကိုကြီးကို ကျွေးမယ်နော်။ မနက်ဖြန် ကျောင်းတက်ရင်လည်း ကပ်စေးနဲ့ ဝယ်ကျွေးမယ်နော်. . . နော်လို့။ ဟီးဟီး ကိုကိုက သဘောကောင်းတော့ ငယ်ငယ့်ကို ဘယ်တော့မှ ပြန်မတိုင်ဘူးဆိုတာ ငယ်ငယ်က သိပြီးသား"

"အေးနော် မီးငယ်။ နင် ထန်းလျက်ချောင်းကျွေးမယ်ဆိုတဲ့ ကတိကို တည်ရမယ်နော်။ မကျွေးလို့ကတော့ ဖေကြီးနဲ့ မေကြီးကို ပြန်တိုင်မှာပဲ။ ဟားဟား ပွတာပဲ။ ဒီနေ့တော့ ထန်းလျက်ချောင်းတွေ စားရချည်သေးရဲ့"

ကျွန်တော်တို့အတွက် မုန့်ဈေးတန်းမှာရောင်းသည့် အုန်းကပ်စေး၊ နို့ဝေဖာပြီးလျှင် ထန်းလျက်ချောင်းက အကောင်းစား မုန့်ပင်။ ထန်းလျက်ချောင်းဝါဝါကို ဂွပ်ခနဲ ကိုက်ပြီး တကျွတ်ကျွတ် ဝါးရသည့် အရသာဟာ ဘာနှင့်မှ မတူပေ။ ကျောင်းပိတ်ရက်များတွင် ဖတ်ဖို့ သောကြာညနေကတည်းက ငှားထားသည့် မဂ္ဂဇင်းများနှင့် ရုပ်ပြများကို ဖတ်သည့်အခါ ထန်းလျက်ချောင်းကို ကိုက်လိုက်၊ ရေနွေးလေး သောက်လိုက်နှင့် လုပ်ရသည်ကို ကျွန်တော်က သဘောကျသည်။

သူရကတော့ စာအုပ်ဖတ်ရသည်ထက် ထန်းလျက်ချောင်းကို ပိုကြိုက်ပုံရပါသည်။ အနားမှာ ချထားသည့် စာအုပ်တွေကို ဟိုတစ်ရွက် ဒီတစ်ရွက် လှန်လှောကြည့်ပြီး ပျင်းစရာကြီးလို့ ကျယ်ကျယ်လောင်လောင် အော်ဟစ်တတ်ရုံမျှမက ပက်လက်လှန် အိပ်ရင်း ခြေနှစ်ချောင်းကိုချိတ်ကာ ဒူးလေးတန္နံ့နှံ့လုပ်ပြီး ထန်းလျက်ချောင်း မကုန်မချင်း တမြုံ့မြုံ့နှင့် အရသာခံစားနေတတ်သည်။

ငယ်ငယ်ကတော့ သူ ဖတ်ချင်သည့် ရုပ်ပြတွေကို ဖတ်လိုက်၊ လက်တစ်ဖက်က ထန်းလျက်ချောင်း အိတ်ခွံကို ဖွင့်ပြီး တစ်ကိုက် ကိုက်လိုက် အိတ်ကလေးကို ပြန်ပိတ်လိုက်နှင့် သူကြိုက်သည့်အရာကို ခပ်မြန်မြန် ကုန်သွားမည်ကို စိုးသည့် အလား လုပ်နေတတ်သည်။ တစ်ခါတလေ စာဖတ်ရင်း အိပ်ပျော်သွားသည့်တိုင်အောင် ပါးစပ်ထဲ ငုံထားသည့် ထန်းလျက်ချောင်းကို တကျွတ်ကျွတ်မြည်အောင် ဝါးစား နေတတ်သေးသည်။

အချိုသိပ်ကြိုက်သည့် ငယ်ငယ့်သွားများဟာ မကြာခဏ သွားပိုးစားလေ သည်မို့ သွားကျဲမလို့ ခေါ်ကာ သူရ စနောက်လျှင်တော့ ငယ်ငယ့်မှာ စိတ်ဆိုးလို့ မဆုံးတော့ပေ။ လူရှေ့များဆို မရယ်မပြုံးနှင့် သူ့နှုတ်ခမ်းလေးကို တင်းတင်းဖိပိတ်ကာ နေတတ်သည့် ပုံကိုကြည့်ပြီး ကျွန်တော့်မှာ မစနောက်ရက်တော့ဘဲ သဘောကျလို့

ရယ်မိသေးသည်။ အခုလည်း ထန်းလျက်ချောင်းအကြိုက်တူကြသည့် မောင်နှမနှစ်ယောက်ကတော့ ထန်းလျက်ချောင်းဖြင့် အပေးအယူတည့်သွားလေပြီ။

ကျွန်တော့်ကိုတော့ ကိုကိုဟာ သဘောကောင်းတယ်တဲ့ ဆိုပြီး သူ့ဘာသာ ကောက်ချက်ဆွဲ အတည်ပြုသွားလေသည်။ ကျွန်တော့်ကိုဆို အမြဲလို နိုင်စားတတ်သည့် ဂျစ်စုတ်ကလေး၊ အလည်မလေး ငယ်ငယ့်ရဲ့စကားကြောင့် သဘောကျပြီး ရယ်မိတော့သည်။ ကျွန်တော် ဆိုတာကလည်း ငယ်ငယ်ပျော်နေလျှင်ပင် ကျေနပ်နေတတ်သည့် သူပဲ မဟုတ်လား။

ထိုနေ့ကတော့ မိုးရေထဲ ပြေးဆော့ခဲ့သည့် ငယ်ငယ် အဖျားကြီး ဖျားလေသည်။ သူရကတော့ ထန်းလျက်ချောင်း မျက်နှာကြောင့် လူကြီးတွေကို ပြန်မပြောခဲ့ပေမယ့် ကျွန်တော်ကတော့ တစ်ညလုံး မအိပ်ဘဲ ပြုစုနေခဲ့သည့် ဦးနှင့် ဒေါ်လေးတို့ နည်းတူ အိပ်မပျော်နိုင်ဘဲ ရှိနေခဲ့သည်။

ငယ်ငယ့်ကို အလိုလိုက်ပြီး မိုးရေတွေထဲ အချိန်ကြာကြာ ဆော့ကစားနေခဲ့သည်ကို မတားရက်ဘဲ ကြည့်နေခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တို့တင်ရင်း စိုးရိမ်ပူပန်နေခဲ့ပါသည်။ ဦးနှင့် ဒေါ်လေးက ကျွန်တော့်အပေါ် ယုံကြည်ပြီး စောင့်ရှောက်ခိုင်းထားသည်မို့ ကျွန်တော့် ညံ့ဖျင်းမှုကြောင့် ငယ်ငယ် နေမကောင်းဖြစ်ရတာဆိုသည့် စိတ်ကြီးနှင့်လည်း အားနာနေခဲ့မိပါသည်။

ငယ်ငယ်ဟာ ချစ်စဖွယ် ကောင်မလေးပင်။ အိမ်သားအားလုံး ကိုလည်း ရယ်မောစေအောင် စွမ်းဆောင်နိုင်သည်။ ငယ်ငယ့်ကြောင့်ပင် အိမ်သားတွေမှာ ရယ်သံတွေ မပြတ်စေရ။ ပြီးတော့ သူ လုပ်ချင်တာကို လုပ်လိုက်ရမှ ကျေနပ်နေသူလေး။ အဲဒီလို ကောင်မငယ် သေးသေးဟာ နေမကောင်းဖြစ်ခဲ့လေသည်အထိ အစွဲအလန်းကလည်း ကြီးတတ်ပါသေးသည်။

ငယ်ငယ့် အသက် ၉ နှစ်ပြည့်သည့်မွေးနေ့တွင် ဦးနှင့် ဒေါ်လေး ကျွန်တော့်အတွက် ပေးထားသည့် မုန့်ဖိုးလေးထဲက ဖဲ့ပြီး စုထားသည့် ပိုက်ဆံဖြင့် မွေးနေ့လက်ဆောင်အဖြစ် အညိုရောင် ခွေးစုတ်ဖွားရုပ်လေးကိုဝယ်ပြီး ပေးခဲ့သည်။ ကျွန်တော်လည်း သဘောကျသည်မို့ ငယ်ငယ့်အတွက် ဝယ်ရင်း တစ်ရုပ် ပိုဝယ်ခဲ့သည်။

မျက်လုံးပြူးပြူးနှင့် စုတ်ဖွားခွေးရုပ်လေးဟာ တကယ့်ကို ချစ်စရာကောင်းလွန်းသည်။ ထိုအရုပ်ကလေးကို ချမ်းနေရှာလိမ့်မည်ဆိုကာ မတတ်ပကလေး ငယ်ငယ်က သူတို့အတွက် အင်္ကျီချုပ်ပေးရန် ဒေါ်လေးကို ဂျီကျပြီး ပူဆာသေးသည်။

mgyoe.com

mgyyee.com SAMPLE BOOK

ဆင်တူအင်္ကျီလေးတွေနှင့် ခွေးရုပ်လေးတွေကို ငယ်ငယ့်နည်းတူ ကျွန်တော်ပါ သဘောကျခဲ့ပါသည်။

ထိုအရုပ်ကလေးကို ငယ်ငယ့်ရဲ့ အစ်မဝမ်းကွဲတော်သည့် မမထား အိမ်အလည်ရောက်လာသည့်နေ့က လိုချင်သည်ဟု တောင်းသဖြင့် ငယ်ငယ် မသိလိုက်သည့်အချိန် ဒေါ်လေးနွယ်က ပေးလိုက်မိ သည်။ ငယ်ငယ် ပြန်လာသည့်အခါတော့ သူ့အရုပ်ကလေးကို မတွေ့ရတော့သည်မို့ ဆူပူအော်ဟစ်သောင်းကျန်းသည်က ညလုံးပေါက်သည် အထိပင်။ ကျွန်တော့်အရုပ်ကလေးကို အစားထိုး ပြန်ပေးလည်း မရဘဲ တစ်ညလုံး ငိုလို့သာ နေတော့သည်။

ထိုညက ငယ်ငယ်တစ်ယောက် အကြီးအကျယ်ဖျားလေသည်။ အဖျားဟာ တစ်ရက်တည်းနှင့် ပြတ်မသွားဘဲ ရက်ရှည်လာသည်မို့ နောက်ဆုံး ဦးနှင့် ဒေါ်လေးဟာ မမထားဆီက အရုပ်ကလေးကို မျက်နှာပူစွာ ပြန်တောင်းပေးရတော့သည်။ ရက်အတန်ကြာ နေမကောင်းဖြစ်နေခဲ့သည့် ငယ်ငယ်ဟာ သူ့အရုပ်ကလေး ပြန်ရောက်သည့်အခါတွင်တော့ အံ့ဩစရာ ကောင်းလှစွာပင် လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာခဲ့သည်။

နောက်ဆုံး ကျွန်တော် သိလိုက်ရသည်က ထိုအရုပ်လေးဟာ ကျွန်တော် ပေးထားလေသည့် ပထမဆုံး လက်ဆောင်လေးမို့ ငယ်ငယ်ဟာ သိပ်သဘောကျသည်ဆိုသည့်အကြောင်းပင်။ ထိုမျှလောက်အထိကို ငယ်ငယ်ဟာ ကျွန်တော့်အပေါ် သံယောဇဉ်ကြီးခဲ့လေသည်။ ဒါဖြင့် ကျွန်တော်ကရော ငယ်ငယ့်အပေါ် ဘယ်လောက်ထိများ သံယောဇဉ် ကြီးခဲ့ပါသလဲလို့ တစ်စုံတစ်ဦးကများ မေးလာခဲ့ရင်တော့ ငယ်ငယ်ဟာ ကျွန်တော့်ဘဝရဲ့အစိတ်အပိုင်းထဲမှာ ဖဲ့ထုတ်ပစ်၍မရသည့် အရေးကြီး အစိတ်အပိုင်းအဖြစ် ရှိနေသည်ဟုပင် မဆိုင်းမတွ ဖြေဖြစ်ပါလိမ့်မည်။

❑

"မေကြီး။ သား သူငယ်ချင်းတွေနဲ့ ဘောလုံးသွားကန်မယ်နော်။ ခဏပဲ သွားမှာပါ မေကြီးရ မကြာပါဘူး။ ဖိုးဖေတော့ မပါဘူး။ စာအုပ်ဆိုင်သွားမှာတဲ့လေ သူမို့ မပျင်းတဲ့အတိုင်း။ ဘောလုံးကန်ဖို့ လိုက်ပါဆိုတာ ဘယ်တော့မှ ခေါ်မရဘူး"

သူရက ကျွန်တော့်ကို ကြည့်ပြီး နှာခေါင်းရှုပ်ရင်းက ဆို သည်။ သူရက ကျောင်းပိတ်သည့် ညနေများမှာ သူငယ်ချင်းတွေနှင့် ချိန်းပြီး ဘောလုံးကန်ရသည်ကို သဘောကျသည်။ ကျွန်တော်ကတော့ ထိုသို့မဟုတ် ကျောင်းအားသည့်ရက်

mgyyee.com

mgyoe.com SAMPLE BOOK

များမှာ စာအုပ်များဖတ်ပြီး ကုန်ဆုံးရသည်ကို သဘောကျတတ်သည်။ ကျောင်းပိတ်ရက် အားလပ်ချိန်တိုင်း လမ်းထိပ်မှာ ရှိသည့် စာအုပ်အငှားဆိုင်လေးသို့ သွားဖို့သာ တပြင်ပြင် ဖြစ်ရသည်။ ထိုအချိန်တိုင်း ကျွန်တော့်ရဲ့အဖော်ဟာ ကျွန်တော့်နောက်ကို တကောက်ကောက် လိုက်တတ်သည့် ငယ်ငယ် ရယ်လေ။

"မင်းက ဘောလုံးကန်တာ ဝါသနာပါတိုင်း ဖိုးဇော်က ဘောလုံးကန်တာ ဝါသနာပါရမတဲ့လား။ သူ့ဝါသနာက စာဖတ်တာလေ။ မင်းဘာသာ ကန်စရာရှိသွားကန်။ ဖိုးဇော်က စာအုပ်ဆိုင် သွားမှာမို့လား ပိုက်ဆံ ယူသွားဦးနော်။ ဟိုတစ်ခါလို စာအုပ်ဆိုင်မှာ အကြွေးမှတ်မထားနဲ့။ ဖိုးဇော် လိုတာကို ဒေါ်လေးနွယ်တို့ကို ပြောမှပေါ့။ ဖိုးဇော်ကလည်း ဒေါ်လေးနွယ်တို့ရဲ့သားပဲလေကွာ။ ဟုတ်တယ်မို့လား"

ကျွန်တော့်ခေါင်းကို ဖွဖွပုတ်လို့ ပြောနေလေသည့် ဒေါ်လေးနွယ်စကားကြောင့် အားပါးတရ ပြုံးပြီး ခေါင်းညိတ်လိုက်ရသည်။ ဒီအိမ် စရောက်သည့်နေ့ကတည်းက အခုအချိန်ထိ သားသမီးရင်းများနှင့် တန်းတူ ကျွန်တော့်အပေါ်ဂရုတစိုက် ရှိပေးခဲ့လေသည်မို့ သူရနှင့် ငယ်ငယ့်ကို အားနာမိသေးသည်။ ကျွန်တော်ဟာ သူရနှင့် ငယ်ငယ်တို့အချစ်တွေကို ခွဲဝေယူနေသည့်သူ ဖြစ်များဖြစ်နေပြီလားရယ်လို့။

"ကျွန်တော့်မှာ ပိုက်ဆံစုထားတာ ရှိပါသေးတယ် ဒေါ်လေးနွယ်ရဲ့။ ရှေ့ရက်ကလည်း ဦး ပေးထားသေးတယ်။ ကျွန်တော် စာအုပ်ဆိုင် သွားလိုက်ဦးမယ်နော်"

"ဟေး ကိုကိုရေ။ စာအုပ်ဆိုင် သွားတော့မလို့လား။ ငယ်ငယ်လည်း လိုက်မယ်နော်။ ငယ်ငယ်လည်း လိုက်မယ်လို့"

စာအုပ်ဆိုင်သွားဖို့ ဟန်ပြင်နေဆဲရှိသေး ငယ်ငယ်ဟာ ကျွန်တော့် ပြန်အဖြေစကားကိုပင် မစောင့်ဘဲ ရှေ့ကနေ အပြေးလေး ထွက်သွားတော့သည်။

"ဟဲ့၊ ဟဲ့ ဒီကလေးမလေးနှယ် ပြေးပြေးလွှားလွှားနဲ့ ချော်လဲတော့မှာပဲ။ ဘယ်လိုဟာလေးမှန်းကို မသိ တကယ့် ဇွတ်တရွတ်လေး။ မင်း မလိုက်နဲ့ပြောလည်း မင့်ညီမက စကားနားထောင်မှာ မဟုတ်ဘူး။ အခုလည်း တွေ့တဲ့အတိုင်း ကဆုန်ပေါက်ပြေးတာ ဖိနပ်တောင် တောင်တစ်ဖက် မြောက်တစ်ဖက် စီးသွားလိုက်သေးတယ်"

ဒေါ်လေးနွယ် စကားဆုံးတော့ ငယ်ငယ့်နောက်ကို အပြေး လိုက်ရတော့

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ငယ်ငယ်ဟာ ကျွန်တော် ဘယ်ပဲသွားသွား နောက်က တကောက်ကောက် လိုက်ရမှ ကျေနပ်တတ်သည့် ကလေးလေး။ ကျွန်တော်က မလိုက်ပါနှင့် ဆိုလျှင် ခြေနှစ်ချောင်းကို ပွတ်ပြီး အသံပြဲကြီးနှင့် အော်ငိုတတ်သေးသည်။ နောက်ဆုံး တော့လည်း သူ့ကို အလျှော့ပေးရမြဲပင်။ အခုလည်း ကျွန်တော့်ထက်အရင် အရှေ့ ကနေ ခုန်ပေါက်ရင်း ပြေးသွားတော့သည်။

ကျောင်းပိတ်ရက် ညနေတိုင်း ကျွန်တော် သွားနေကျ စာအုပ်ဆိုင်လေး ဟာ ကျွန်တော်တို့ နေထိုင်ရာ လမ်း၏ ထိပ်ဘက်တွင် တည်ရှိသည်မို့ အိမ်ကနေ လမ်းလျှောက်လျှင် ၁၀ မိနစ် လောက်သာလျှောက်ရသည်။ ကျောင်းသွားရာ လမ်းကလေးသည်လည်း ထိုလမ်းမပေါ် တည်ရှိနေသည်မို့ ကျောင်းသွားသည့် အခါတိုင်း စာအုပ်ဆိုင်လေးကို ဖြတ်ရသည်။

စာအုပ်ဆိုင်လေးနှင့် မနီးမဝေးတွင်တော့ မိုးနှင့် ဆောင်း အခါများဆို တစ်ပင်လုံး ဘောလုံးဝါဝါလေးတွေ ချိတ်ဆွဲထားသလို ပွင့်လေ့ရှိသည့် ဘောလုံး ပန်းပင်ဟု ခေါ်တတ်သည့် မအူပင်ကြီး ရှိလေသည်။ ဘောလုံးပန်းပွင့်သည့် အခါ များဆိုလျှင်တော့ လမ်းကလေးဟာ တစ်လမ်းလုံး ဝင်းဝင်းဝါဝါနှင့် အလှကြီး လှနေတတ်သေးသည်။

"ကိုကိုကလည်း ကြာလိုက်တာ။ ငယ်ငယ်လည်း ကာတွန်း စာအုပ် ငှား မှာနော်။ ငယ်ငယ် ဖတ်နေကျ လေးမွန်၊ ထွေးမွန် အမြွာညီအစ်မ စာအုပ်ရယ်။ ဘိုဘိုရယ် ငှားပေးဦးနော်။ ပြီးတော့ မောင်တီထွင်လည်း ဖတ်ချင်တယ်။ ငှားပေး နော် ကိုကို"

ကျွန်တော် စာဖတ်ရသည်ကို သဘောကျသလို ငယ်ငယ်လည်း စာဖတ် ရသည်ကို သဘောကျလေသည်။ သူ့ရကတော့ စာဖတ်ရသည်ထက် မုန့်စားရသည် ကို ပိုကြိုက်သည်ဟု ဆိုသဖြင့် ရယ်ရသေးသည်။ ဒါကြောင့်ပင် ငယ်ငယ်ဟာ ကျွန်တော့်အပေါ် အစ်ကို ဖြစ်သူထက် ပိုခင်မင်ရင်းနှီးလို့နေပုံ ရပါသည်။

"ကိုကို လမ်းလေးကို ကြည့်ပါဦး။ ဘောလုံးပန်းကလေးတွေ ကြွေကျနေတာ တစ်လမ်းလုံး အပြည့်ပဲ။ သနားပါတယ်နော်"

ငယ်ငယ်က ဘောလုံးပန်းလေးတွင် ကြွေကျနေသည့် မအူပင်ကြီးရှေ့ ရောက်တော့ ဘောလုံးပန်းလေးတွေကို ကြည့်ပြီး ဆိုသည်။ ပွင့်ဖတ်ဝါဝါနှင့် တစ် လမ်းလုံး အပြည့် ကြွေကျနေသည့် ပန်းကလေးဟာ ငယ်ငယ့် စိတ်ထဲ ဘာကြောင့်များ သနားစဖွယ် ဖြစ်ရပါသလဲ တွေးနေဆဲ ငယ်ငယ်ဟာ ပွင့်ဖတ်ကလေးတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

ရှောင်ကာ တိမ်းကာဖြင့် ဖြည်းညှင်းစွာ လျှောက်နေသည်။ အရင်အချိန်များကတော့ ဒီလမ်းကလေးပေါ်၊ ပွင့်ဖတ်ဝါဝါကလေးတွေပေါ် ကဆုန်ပေါက်ပြေးနေခဲ့သည့် ငယ်ငယ့် ဖြစ်အင်ကို ပြန်တွေးမိပြီး ရယ်မိတော့ ငယ်ငယ်ဟာ ကျွန်တော့်ကို မှုန်ကုပ်ကုပ်ဖြင့် ပြန်ကြည့်သည်။

"ကိုကိုက ဘာလို့ ရယ်နေတာလဲ။ ငယ်ငယ့်ကို ကြည့်ပြီး ရယ်နေတာ မို့လား"

"နေပါဦး ကိုကို မေးပါဦးမယ်။ ငယ်ငယ်က ဘောလုံးပန်းကလေးတွေကို ဘာလို့များ သနားရပြန်တာတုန်း။ ကျောင်းက ပြန်လာတဲ့ရက်တွေကလည်း ဒီအပင်အောက်က ဖြတ်လျှောက်နေကျလေ။ အဲဒီအခါတိုင်း ပန်းကလေးတွေ ကြွေကျနေတာပဲ။ အဲဒီ ပန်းကလေးတွေပေါ်ပဲ ကိုကို့ညီမလေးက နင်းလျှောက်ခဲ့တာပဲ မဟုတ်လား။ အခုကျ သနားပါတယ်ဆိုလို့ ကိုကိုက ရယ်မိတာပေါ့ကွ"

"ကိုကိုပဲ ပြောခဲ့တယ်လေ။ ပန်းကလေးတွေမှာလည်း အသက် ရှိတယ်ဆိုတာ။ ပန်းကလေးတွေမှာလည်း သူ့တန်ဖိုးနဲ့ သူ ရှိတာမို့လို့ တန်ဖိုးထားတတ်ရမယ်ဆို။ လူတွေက ပန်းကလေးတွေပေါ်ကနေ နင်းလျှောက်သွားတာ သနားဖို့ကောင်းတယ်။ အဲဒါကြောင့် ငယ်ငယ်က သူတို့ကို သနားလို့ မနင်းရက်တော့လို့ ရှောင်သွားနေတာ ကိုကိုရ"

ကျွန်တော် အမှတ်တမဲ့ပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို ငယ်ငယ်က မှတ်မိနေခဲ့သည်ပဲ။ ငယ်ငယ့်စိတ်ထဲ နူးညံ့ကြင်နာတတ် သည့်စိတ်ကလေး တွေ့လိုက်ရသည်မို့ ငယ်ငယ့်ပါးကလေးကို မနာကျင်ရအောင် ဖွဖွ လိမ်ဆွဲမိသည်။ သည်လိုဆိုပြန်တော့ ကျွန်တော့်ညီမလေး ငယ်ငယ်ဟာ အစွဲအလန်းကြီးတတ်ရုံမျှမက စိတ်နှလုံးသားဟာလည်း နူးညံ့လှသူလေးပင်။

ဟော သူ တွေးလို့မှ မဆုံးသေး။ ငယ်ငယ်ဟာ မြေမှာ ကြွေကျနေသည့် ဘောလုံးပန်းက ပွင့်ဖတ်ဝါဝါများကို လက်ကလေးဖြင့် သိမ်းကျုံးယူရင်း ကျွန်တော့်ဆီ လှမ်းပစ်လေသည်။ ကျွန်တော့်မျက်နှာမှာ၊ ကျွန်တော့်အင်္ကျီပေါ်မှာ ပွင့်ဖတ်ဝါဝါတွေ လွင့်ဝဲနေသည်ကို မြင်တော့ ခိုးခိုးခစ်ခစ်ဖြင့် အူလှိုက်သည်းလှိုက် ရယ်နေပြန်သေးသည်။

ကျွန်တော်ကလည်း ပွင့်ဖတ်ဝါတွေကို ပြန်ကျုံးယူရင်း ငယ်ငယ့်ဆီ လှမ်းပစ်တော့ ရှောင်ကာ တိမ်းကာ လုပ်နေသည့် ငယ်ငယ့်ပုံစံဟာ သဘောကျစရာကောင်းလှသလို ပြုံးရယ်ချင်စရာလည်း ကောင်းလှသည်။ ငယ်ငယ်ဟာ ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK

ကို ရယ်မော ပျော်ရွှင်အောင် လုပ်ပေးနိုင်စွမ်းရှိသလို ကျွန်တော့်ကြောင့် ငယ်ငယ် ပျော်နေလျှင်ပင် ဝမ်းသာလို့ မဆုံးနိုင်တော့။ ငယ်ငယ့်ကို အမြဲ ပြုံးရွှင်ရယ်မော နေစေချင်သည်။

ခပ်ကြမ်းကြမ်းဝေ့လိုက်သည့် လေပြည်ဟာ မိုးအကြိုထောက်ကာ မြေသင်းနံ့သင်းသင်းကို သယ်ဆောင်လာသည်။ လေနီကြမ်းကြောင့် ခြွေချခံလိုက်ရသည့် ဘောလုံးပန်းတို့က အပင်ပေါ်ကနေ တဖွားဖွား လွင့်ကျလာသည်။

"ဟော ဘောလုံးပန်းတွေ ကြွေကျနေပြီ ကိုကိုရေ။ သိပ်လှတာပဲ။ မြေကြီးကို မတွေ့ရတော့ဘူး။ တစ်လမ်းလုံး အဝါတွေနဲ့ ဖုံးသွားပြီ။ ရော့ ကိုကို မိအောင် ဖမ်းနော်"

ငယ်ငယ်က အပင်ပေါ်ကနေ ကြွေကျနေသည့် ဘောလုံးပန်းတွေကို ကောက်ယူပြီး ကျွန်တော့်ဆီ လှမ်းပစ်ပေါက်လေသည်။ ကျွန်တော်ကလည်း ဘောလုံးပန်းလေးတွေကောက်ယူပြီး ငယ်ငယ့်ဆီ ပြန်ပစ်ပေါက်တော့ ငယ်ငယ်ဟာ တဟားဟားနှင့် ပျော်ရွှင်မြူးနေသည်။ ငယ်ငယ့်ပျော်ရွှင်မှုက ကျွန်တော့်ဆီသို့တိုင် ကူးစက်လာသည်။

"ဟော မိုးတွေ ရွာတော့မယ် ငယ်ငယ်ရေ။ စာအုပ်ဆိုင် မြန်မြန်သွားကြရအောင်။ မိုးမိရင် ထပ်ပြီး ဖျားနေဦးမယ်နော်"

တိမ်သားတိမ်လိပ်များ ရွေ့လျားလာပြီးနောက် မိုးသား မည်းမည်းဟာ တဂျိန်းဂျိန်းနှင့် အသံပေးကာ အပေါင်းအဖော် ဆွေသားများကိုပါ အခေါ်ဆင့်လာသည်ထင့် ဖွဲဖွဲလေး ရွာနေရာက သည်းမည်းစွာ ရွာချမည့်ဟန်ပြင်လာသည်။ ငယ်ငယ့်လက်ကို ဆွဲလို့ စာအုပ်ဆိုင်လေးရှိရာဆီ အပြေးသွားရသည်။

ဂျစ်တစ်တစ် ကောင်မလေးငယ်ငယ်ဟာ မိုးရေတွေကြား ပြေးလွှားဆော့ကစား နေချင်သေးသည်။ မိုးဖွဲတွေကြား ပြေးထွက်သွားတတ်သဖြင့် ကျွန်တော့်မှာ လိုက်ဖမ်းရသေးသည်။ အဲဒီအခါမျိုးဆိုလျှင်တော့ နှုတ်ခမ်းကလေးဆူကာ "တွေ့လား ကိုကိုက ငယ်ငယ့်ကို မချစ်ပါဘူး" ဆိုကာ စိတ်ဆိုး စိတ်ကောက်တတ်သေးသည်။

"မိုးမိတဲ့အခါ ကိုကို့ညီမလေး နေမကောင်းပြန်ဖြစ်မှာစိုးလို့ပါကွယ်။ ငယ်ငယ် နေထိုင်မကောင်းရင် ဦးနဲ့ ဒေါ်လေးရော စိတ်ပူနေရမှာပေါ့ ငယ်ငယ်ရ"

"ကိုကိုကရော ငယ်ငယ် နေမကောင်းဖြစ်ရင် စိတ်ပူမှာလား"

"ကိုကို့ညီမလေး နေမကောင်းဖြစ်တာပဲ စိတ်ပူမှာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အဖြေစကားကို ကျေနပ်သွားပုံရသည့် ငတိမလေးဟာ ထိုအခါမှ ကျွန်တော့်စကားကို အသာတကြည် နားထောင်ရင်း မလိုက်ချင့် လိုက်ချင်နှင့် လိုက်လာတော့သည်။ စာအုပ်ဆိုင်ကလေးဆီ ရောက်တော့ မိုးဟာ အပြင်ဘက်ဆီမှာ သည်းမည်းစွာ ရွာလေသည်။

❑

*"မိုးကလေးညိုလာရင် လွမ်းမျက်ရည်လေးလည်၊ ငယ်ငယ်တုန်းက သူငယ်ချင်းကိုxxx ဒန်xxx တန် တန်xxx ပေါး မိုးရွာပြီကွ"*

ကျောင်းဆင်းချိန်တိုင်း ရွာတတ်သည့် မိုးကို ကျွန်တော်က မကြိုက်လှသော်လည်း ငယ်ငယ်ကတော့ဖြင့် မိုးသံလေးကြားလျှင် သီချင်းလေး တကြော်ကြော်အော်ဆိုရင်း မိုးသည်းကြားမှာ ပြေးလွှားဆော့ကစားရသည်ကို သဘောကျတတ်သည်။ အခုလည်း တဝေါဝေါနှင့် သည်းနေသည့် မိုးရေကြားထဲ အော်မရ ပြုမရနှင့် ပြေးထွက်ကာ ဆော့ကစားတော့သည်။ သူရက နောက်က တဟေးဟေး အော်ခေါ်ရင်း မရသည့်နောက်ဆုံးတော့ သူ့လွယ်အိတ်ကိုပါ ကျွန်တော့်ဆီ ပစ်ထည့်ရင်း မိုးရေထဲ ဘောလုံးကန်နေကြသည့် လမ်းထိပ်က သူ့အပေါင်းအဖော်များရှိရာ ပြေးလေတော့သည်။

"ဟယ် ဒီကလေးတွေကလည်း ဇော့်ကိုဆို အတော်နိုင်စားကြတာပဲ။ ပေး၊ ပေး လွယ်အိတ်တစ်ခုကို မမထား ကူကိုင်ပေးမယ်နော်"

မိုးရေတွေထဲ လွယ်အိတ်သုံးလုံး၊ အထုပ်တစ်ထုပ်၊ ထီးတစ်ဖက်နှင့် ဒုက္ခများနေသည့်အချိန်မှာ ရောက်လာသည့် မမထားကြောင့် စိတ်ထဲ ပျော်သွားသလိုလိုပင်။ မမထားဟာ ကျွန်တော်နှင့် သူရထက် နှစ်တန်းမျှ ပိုကြီးသလို ကျောင်းဆင်းချိန်လည်း မတူပေ။ ကျွန်တော်တို့ တက်ရသည့် ကျောင်းက အတန်းကြီးနှင့် အတန်းငယ် အချိန် ခွဲတက်ရသည်။ အတန်းကြီးများက မနက်ပိုင်းတက်ကြရပြီး နေ့လယ်ဘက် အတန်းပြီးသည်။ အတန်းကြီးတွေ ကျောင်းဆင်းတော့ မှ အတန်းငယ်များက နေ့လယ်မှ ညနေအထိ ကျောင်းတက်ရသည်။

ညနေဘက် ကျွန်တော်တို့ ကျောင်းဆင်းချိန်မှာ မမထားက ကျူရှင်ကပြန်လာပုံရသည်။ လက်ထဲတွင်လည်း စာအုပ်တွေ ထည့်ထားသည့် ဖိုင်အပြာလေးတစ်ခုကို ပိုက်ထားသေးသည်။ မမထား အင်္ကျီဟာ တုန်တုန်အိအိ အသားပေါ်မှာ ကြယ်သီးတန်းများ တစ်ဆက်တည်း သီချုပ်ထားသည့် မိုးပြာရောင် ဂါဝန်လေးနှင့်။ မိုးရေတွေထဲက မမထားဟာ ဖက်ရှင်ကျသလို လှပနေလေသည်မို့ မမထားကို

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ငေးကြည့်နေမိသည်။

"ဟယ် ဒီကောင်လေး မမထားကို ပေးလို့ပြောနေတယ်လေ။ မပေးဘဲ ဘာကြည့်နေတာတုန်း"

"မမထားက လှလို့ ဟို မမထားကို အားနာလို့ပါ"

"ဟောတော့။ ဟုတ်ပါပြီ မမထားကို လှတယ်မပြောလည်း မမထားက ကူသယ်ပေးမှာပါနော်"

ကျွန်တော် အယောင်ယောင်အမှားမှားနှင့် ပြောလိုက်သည့် စကားကြောင့် မမထားက သဘောတကျ ရယ်လေသည်။

"ဟော မီးငယ်တစ်ယောက်ကတော့လေ မိုးရေထဲ ပြေးဆော့ရတာ အတော်ကြိုက်ပုံပဲနော်။ ခုန်ပေါက် ပြေးလွှားနေလိုက်တာ။ ဟိုရှေ့က လှမ်းမြင်နေရတဲ့ အသုပ်ဆိုင်လေးမှာ မုန့်စားရင်း မိုးခိုပြီး စောင့်ပါတော့လား ဇော်ရယ်။ အခုတော့ မိုးရေထဲ လွယ်အိတ်သုံးလုံး ပိုက်ပြီး ထီးတစ်ဖက်နဲ့ ဒုက္ခများလိုက်တာ။ မမထားနဲ့ လိုက်ခဲ့။ နေနှင့်ဦးပေါ့ အဲဒီကလေးတွေ ဇော့်ကို ဒီလောက် အနိုင်ကျင့်ကြတာ ဦးတို့ ဒေါ်လေးတို့ကို တိုင်ရဦးမယ်။ မြန်မြန်လာ ဇော်။ မမထားကို မီးငယ် အိတ်လေးပေး"

မမထားက ပြောပြောဆိုဆို ကျွန်တော့် လက်ထဲက ငယ်ငယ့်လွယ်အိတ်ကို ဆွဲယူပြီး ကျွန်တော့်လက်ကိုပါ ဆွဲယူဆုပ်ကိုင်ရင်း ရှေ့က ဆိုင်လေးထဲ ပြေးလေသည်မို့ ကျွန်တော်သည်လည်း မမထား ဆွဲခေါ်ရာနောက် အပြေးလေးလိုက်ရသည်။

လမ်းဘေးမှာ ဖွင့်ထားသည့် အသုပ်စုံဆိုင်လေးဟာ တာလပတ်စအမိုးကာထားပြီး လေးဘက်လေးတန်ကို လှစ်ဟထားသည်မို့ ဆိုင်ရှေ့မှာ ဥဒဟိုသွားလာနေသည့်လူများကို မြင်နေရသလို မိုးရေထဲ ပြေးလွှားဆော့ကစားနေသည့် ငယ်ငယ့်ကိုလည်း လှမ်းမြင်နေရပါသည်။ ကျွန်တော်ကတော့ မြင်ကွင်းအောက်က ငယ်ငယ် ပျောက်သွားမည်ကို စိုးရိမ်စိတ်နဲ့ မမထား မှာပေးထားသည့် စားဖွယ်ရာများကိုပင် တို့ထိရုံမျှသာ စားနေမိသည်။

"စားလေ ဇော်ရဲ့။ မီးငယ် ပျောက်သွားမှာစိုးလို့လား။ အဲဒီကလေးက အလည်လေး။ မမထားတို့ကိုတောင် ရောင်းစားသွားလိမ့်ဦးမယ်။ ဟယ် ကြည့်စမ်း၊ ဒါတွေ ဇော် ဝယ်ထားတာလား။ အိမ ဆီးထုပ်တွေ။ ရှမ်းမ ဆီးသီးအစပ်လည်း ပါသေးတယ်။ မိုးပုလဲ နေကြာတွေရော အို. . . စုံလို့ပါလား။ မမထား အကြိုက်တွေပဲ။ အိုး၊ ရန်အောင်နဲ့ မို့မို့မြင့်အောင် ပုံလေးတွေ။ မမထား ကြိုက်တာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ဖော် ဘယ်လိုသိလဲဟင်။ ဒါတွေ အကုန် မမထားအတွက်ပဲ မဟုတ်လား ဟင်။ ကျေးဇူးအများကြီး တင်တယ်နော်"

မမထားက ကျွန်တော့်လက်ထဲက အထုပ်ကို ဖြည်ကြည့်ရင်း သူ့အတွက် ဝယ်လာသည် အထင်နှင့် ပျော်ရွှင် ကျေနပ်နေလေသည်။ နေကြာစေ့အထုပ်နှင့် ဆီးထုပ်တွေမှာပါသည့် မင်းသား၊ မင်းသမီးပုံလေးတွေကို ကြွေကျ ပျက်စီးသွားမည့်အလား အသာအယာတို့ထိကာ သဘောကျနေတော့သည်။ ပျော်ရွှင်နေသည့် မမထားကိုကြည့်ပြီး ကျွန်တော့်မှာ မမထားလက်ထဲက ဆီးထုပ်တွေ၊ မုန့်တွေကို ပြန်တောင်းရကောင်းနိုး၊ မမထားအတွက် မဟုတ်ဘူးလို့ ပြောပြရကောင်း နိုးဖြင့် ပြုံးရုံသာ ပြုံးနေရသည်။

စိတ်ထဲတော့ သူ စားချင်သည့် စားစရာတွေကို မဝယ်ပေးလျှင်၊ သူ့ပစ္စည်းကို သူမသိဘဲ တခြား တစ်ယောက်ကိုပေးလျှင် တဂျီဂျီ လုပ်ကာ စိတ်ကောက်နေတော့မည့် ငယ်ငယ့်ပုံရိပ်ကို မြင်ယောင်ပြီး စိတ်မသက်မသာဖြစ်ကာ အပြင်ဘက်မှာ မိုးကြောင့် အေးနေပေမယ့် ရင်ပူကာ ချွေးက စို့ချင်နေလေပြီ။

"ကျေးဇူးနော် ဖော်ရေ။ ဒါလေးတွေကို ညဘက် စာကျက်တဲ့အခါ စားလိုက်မယ်။ ဒီပုံလေးတွေကိုတော့ ကတ်ကြေးနဲ့ ညှပ်ပြီး သိမ်းထားမှာ။ ဟော မီးငယ်ပြေးလွှားခုန်ပေါက်ရတာ မောသွားပြီနဲ့ တူတယ်။ ဆိုင်ထဲ လာနေပါပြီတော်"

ငယ်ငယ်တစ်ယောက် ပင်ပန်းသွားသည်နှင့်တူပါရဲ့။ ကျွန်တော်နှင့် မမထားရှိရာ ဆိုင်လေးထဲကို အပြေးလေး ရောက်ချလာသည်။ မမထား လက်ထဲ သူ မှာထားသည့် စားစရာထုပ်များ ပါသွားသည်ဆိုသည်များ သိလျှင် စိတ်ဆိုးလို့ ဆုံးမည် မဟုတ်သလို ရန်ရှာနေတော့မည်။ ငယ်ငယ် မမြင်ပါစေနဲ့ ဆုတောင်းနေဆဲ ငယ်ငယ်က မမထား လက်ထဲက အထုပ်ကို မြင်ဖြစ်အောင် မြင်သွားသည်။

ကျွန်တော့်လက်ထဲကို ကြည့်လိုက်၊ မမထား လက်ထဲကို ကြည့်လိုက်နှင့် မေးတော့မည့်ဟန်ပန်တွေကို မြင်လိုက်ရသည်မို့ ငယ်ငယ့်ပါးစပ်ကို အပြေးပိတ်ပြီး အလျင်အမြန် စကားလွှဲရသည်။

"ငယ်ငယ် ချမ်းတော့မှာပဲ။ ကိုကိုတို့ အမြန်သွားကြမယ်နော်။ ဒီတစ်ခါ ထပ်ဖျားရင် ငယ်ငယ် ဆော့နေတာ မတားရကောင်းလားဆိုပြီး ကိုကို ဆူခံထိမယ် ထင်တယ်။ လာ၊ လာ ကိုကိုတို့ အိမ်ကို အမြန်ပြေးရအောင်နော်"

ကျွန်တော် အတင်းဆွဲခေါ် ရာကို မလိုက်ချင့် လိုက်ချင်နဲ့ လိုက်လာရသည့် ငယ်ငယ့်မျက်နှာမှာ မကျေမလည်ဖြစ်နေပုံက အထင်းသား။ မိုးရေတွေကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

ဖျော့တော့ဖြူရော်နေသည့် နှုတ်ခမ်းပါးလေးသည်ပင် စူထော်နေတော့သည်။

"ကိုကို့ ကို မုန်းတယ်။ ကိုကို့ ကို မခေါ်တော့ဘူး။ ဟီး. . . ကိုကိုက ငယ်ငယ့်မုန့်တွေ မမထားကို အကုန်ကျွေးပစ်တယ်။ ငယ်ငယ် ကြိုက်တာတွေ အကုန်ကျွေးတယ်။ အဲဒီမုန့်တွေ နောက်ကျောက မင်းသား၊ မင်းသမီးပုံတွေ ကတ်ကြေးနဲ့ ညှပ်ပြီး သိမ်းမလို့ ငယ်ငယ် ရွေးထားတာကို ဟီးဟီး. . . ကိုကို မကောင်းဘူး၊ ငယ်ငယ် ကြိုက်တာကို သူများကို ပေးပစ်လိုက်တယ်"

ကျောင်းက ပြန်ရောက်ကတည်းက ခြေထောက် နှစ်ချောင်း ပူးကပ်တွန့်လိမ်ကာ အော်ငိုနေသည့် ငယ်ငယ်ဟာ ညနေစာ ထမင်းကိုပင် မစားဘူးဆိုကာ တော်တော်နှင့် ချော့မရ။ ဝမ်းနည်းတကြီး အော်ဟစ် ငိုယိုနေသည့် ငယ်ငယ့်ကို ကြည့်ပြီး ငယ်ငယ့်နည်းတူ ကျွန်တော်ပါ စိတ်မကောင်းဖြစ်ရသည်။ ကျွန်တော်ကလည်း ကျွန်တော် ပါပဲလေ၊ မမထားအတွက် မဟုတ်ပါဘူးလို့ ပြောရမည်ကိုပင် နှုတ်က ဆွံ့အ,အားနာနေမိခဲ့သည်ပဲ။

"ကိုကို တောင်းပန်ပါတယ် ညီမလေးရယ်။ မမထားက ကိုကို့ဆီက အိတ်တွေကို ကူသယ်ပေးတယ်။ အိမ်ကို သူ လာတိုင်းလည်း ငယ်ငယ်နဲ့ ကိုကိုတို့ စားဖို့ဆိုပြီး မုန့်တွေ အမြဲဝယ်လာတတ်တယ်လေ။ အဲဒါကြောင့် ကိုကိုက နောက်တစ်ခါ မမထားနဲ့ တွေ့ရင် သူ ကြိုက်တာတွေ ပြန်ဝယ်ကျွေးမယ်လို့ ပြောထားတာ။ အခု ငယ်ငယ့်အတွက် ဝယ်ပေးထားတာတွေက သူ့အကြိုက်တွေဆိုပြီး သူ့အတွက် ဝယ်ပေးထားတယ် ထင်ပြီး ယူသွားတာ ကိုကိုတောင် တားချိန် မရလိုက်ဘူး။ မမထားအတွက် မဟုတ်ဘူးလို့ ပြောရင် မမထား ရှက်သွားမှာပေါ့၊ ကိုကို့ ညီမလေးက လိမ္မာပါတယ်နော်။ စိတ်ပြေပြီး ထမင်းလေးတော့ စားလိုက်ပါနော်"

ဘယ်လိုပင်ပြောပြော အစွဲအလန်းကြီးလှသည့် ငယ်ငယ်ဟာ ငိုရလွန်းလို့ မောသွားသည်ထင့် အငိုရပ်လို့ သွားပေမယ့် တော်တော်နှင့်တော့ စိတ်မပြေဘဲ ရှိနေသည်။

"မီးငယ် ညည်းနော် ကြပ်ကြပ်သတိထား။ အစ်ကို ကို အမြဲ စိတ်ဒုက္ခပေး အနိုင်ကျင့်နေတာ မေကြီး မကြိုက်ဘူးနော်။ အစ်မကတော့ အိမ်လာလည်ရင် ညီမနဲ့ မောင်တွေအတွက်ဆိုပြီး တစ်ခုမဟုတ် တစ်ခု အမြဲပါတယ်။ ဖိုးဇော်ရေ၊ သူ မစားချင်တာထားလိုက်။ သူ့အကြိုက် ဘဲဥဟင်းတွေ မကျန်ရင် နေပါစေ ကိုယ့်ဘာသာ သွားစားချည်"

ဒေါ်လေးနွယ်ဆီက ဘဲဥဟင်းဆိုသည့်စကားကြားတော့ ငယ်ငယ့်မျက်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

လေး တောက်ပသွားသလို လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဘဲဥဟင်းဆို သိပ်ကြိုက်သည့် ကောင်မလေးမို့ ငယ်ငယ့်ပုံစံကို ကြည့်ပြီး ဒေါ်လေးက တွေ့လား ပုံစံမျိုးဖြင့် မေးငေါ့ပြပြီး ပြုံးစိစိဖြစ်နေသည်မို့ ကျွန်တော်ပါ ရယ်ချင်နေမိသည်။ အိမ်မှာ ဘဲဥဟင်းများ ချက်သည့်နေ့ဆို အပျော်ဆုံးလူသားဟာ ငယ်ငယ်ပင် ဖြစ်မည် ထင်သည်။

ဒေါ်လေးနွယ်က ဟင်းချက်လက်ရာ ကောင်းသလို အစပ်အဟပ်လည်း တည့်လှသည်မို့ အိမ်မှာ ဘာချက်ချက် ထမင်းစား မကောင်းသည့်နေ့ရယ်လို့ မရှိပေ။ ဘဲဥဟင်းများ ချက်သည့်နေ့ဆို ဘဲဥလေးများကို သည်အတိုင်း ချက်သည်ထက် ထက်ခြမ်းခွဲကာ အာလူးလေးများ ရောကာ ချက်သည့်နေ့ရှိသလို ငါးခြောက် ဒါမှမဟုတ် ခရမ်းသီး၊ ရုံးပတီသီးလေးများနှင့် ပေါင်းစပ်ပြီး ချက်တတ်သည်။ အာလူးလေးများနှင့် ချက်သည့်နေ့ဆို ပုစွန်ခြောက်မှုန့်ကို ဟင်းအနှစ်ထဲရောထည့် ဆီသတ်ချက်လေသည်မို့ ဆီတင်းတင်းလေးနှင့် ဘဲဥကလေးများသည် အရသာရှိလှသည်။

ဘဲဥဟင်းများ ချက်သည့်နေ့ဆို ကိုယ့်အတွက် ကိုယ်တာအပြင် အများဆုံး စားရသူက ငယ်ငယ်ပင်။ ဦးနှင့် ဒေါ်လေးက တော်သင့်ရုံစားကြသူများမို့ တစ်ခြမ်းလောက်နှင့်လည်း ပြီးတတ် ကြသည်။ သူရကတော့ ဘဲဥဟင်းဆို အနှစ် မကြိုက်သူမို့ အကာကို စားပြီး အနှစ်ဟာ ငယ်ငယ့်ပန်းကန်ထဲ ရောက်ရသလို ကျွန်တော်က ဘဲဥအကာ မကြိုက်သည်မို့ အနှစ်ကိုသာ စားပြီး ဘဲဥအကာများဟာ ငယ်ငယ့်ဆီပဲ ရောက်ရသည်။

ငယ်ငယ့်ပန်းကန်ထဲ ထမင်းထက် ဘဲဥဟင်းတွေများ မြင်တွေ့ရတတ်သည့် ထိုနေ့အတွက်တော့ ငယ်ငယ်ဟာ အပျော်ဆုံးဆိုတာ မေးစရာမလို ပါးစပ်ထဲ ပလုတ်ပလောင်း ထိုးထည့်သဖြင့် ဟင်းဆီတွေ ပေကျံနေသည့် နှုတ်ခမ်းနှင့် သူကြိုက်တာ စားခွင့်ရသဖြင့် ပျော်ရွှင် ကျေနပ်နေသည့် မျက်ဝန်းတို့က သက်သေပြနေပါသည်။

ခဏနေတော့ ဘောလုံးကန်နေရာကနေ သူရ ပြန်ရောက်လာသည်။ သူ့ပုံစံက ချွေးသံ တရွဲရွဲနှင့် မောပန်းလာပုံပင်။ ခုံပေါ်မှာ ခြေပစ်လက်ပစ် ဝင်ထိုင်လေသည်။

“ဗိုက်ဆာတာကွာ။ ဟေ့ ဖိုးဇော် ဒီနေ့ ဘာဟင်းလဲ” ဆိုကာ လှမ်းမေးလေသည်မို့ ကျွန်တော်က ခေါင်းကို ပွတ်ပြတော့ ရွှေခေါင်း ပြောင်ဟင်းပေါ့ ဆိုကာ ရေရွက်ရင်း တစ်ယောက်တည်း သဘောကျစွာ ရယ်နေတော့သည်။ ခဏအကြာတော့ အိမ်ရှေ့ ရေစည်မှ တဗွမ်းဗွမ်း ရေချိုးသံကြားမှာ သီချင်း အပိုင်းအစတစ်ခုကို

mgyoe.com

mgyoe.com SAMPLE BOOK

အော်ဆိုနေသည့် သူရ၏ အသံကို ကြားရတော့သည်။

❑

ဒီနေ့ ကျောင်းပိတ်ရက်မို့ ဒေါ်လေးဈေးထွက်ရာဆိုင်ကို ကူဖို့ ကျွန်တော်နှင့် ငယ်ငယ်တို့ လိုက်လာကြသည်။ ဒီလိုပိတ်ရက်မျိုးဆို ဦးကတော့ သူ့ မိတ်ဆွေတွေနှင့် ချိန်းပြီး လက်ဖက်ရည်ဝိုင်း သွားတတ်သလို သူ လိုချင်သည့် စာအုပ်တွေ ရှာဖွေဖို့ စာအုပ်အဟောင်းတန်းရှိရာ သူ့မိတ်ဆွေ စာအုပ်ဆိုင်များကို သွားလေ့ရှိသည်။

သူရကတော့ ဘောလုံးကန်ဖက် သူငယ်ချင်းများနှင့် ဘောလုံး သွားကန်ဖို့ မနေ့ ညနေပိုင်းကတည်းက ချိန်းထားကြသည်မို့ ပြင်နေလောက်ပြီ။ ဘောလုံးကန်ဖို့ မကြိုက်သည့် ကျွန်တော့်ကိုတော့ "မင်းကွာ ဒါမျိုးကျ အဖော်ကို မရဘူး" လို့ တစ်ခါတစ်ရံ ပြောတတ်ပေမယ့် ကျွန်တော် မကြိုက်သည်ကို အတင်းမလုပ်ခိုင်းဘဲ ရယ်မော စနောက်လို့သာ နေတတ်သည်။

"ဖိုးဇော်ရေ၊ မင့်ညီမတော့ ဂျီကျနေပြီ။ ဒေါ်လေးတော့ ဈေးဝယ်တွေ ကျနေပြီမို့ သူ စားချင်တဲ့ ကြာဆံသုပ် ရောင်းတဲ့ ဟောဟို ဈေးရုံထဲကဆိုင်မှာ သွားဝယ်ကျွေးလိုက်ပါကွယ်။ မင်းလည်း စားချင် ဝယ်စားနော်။ မင်းတို့ မောင်နှမ တွေပျင်းရင် ရုပ်ပြငှားခဲ့လေ။ ဟောတော့ . . . ဒီကလေးတွေ ပိုက်ဆံ ယူသွားဦးလေ၊ ရုပ်ပြဆိုတဲ့ အသံကြားတာနဲ့ ပြေးတော့တာပဲ"

ရုပ်ပြလို့ အသံကြားသည်နှင့် ကျွန်တော်နှင့် ငယ်ငယ် နှစ်ဦးသား တိုင်ပင်စရာမလိုအောင် ပြိုင်တူထရင်း အပြေးသွားဖို့ ဟန်ပြင်နေတုန်း ဒေါ်လေးအသံကြားမှပင် ပိုက်ဆံမယူမိသည့်အဖြစ်ကို သတိရမိရင်း ဒေါ်လေးနှင့်အတူ ရောယောင်ရယ်မိတော့သည်။

"ဘွာတေးပါ မေကြီးရယ်။ ကိုကို မြန်မြန်ယူလိုက်လေ။ စာအုပ်တွေလည်း ငှားလာရဦးမယ်လေ။ ကိုကိုက နှေးလိုက်တာကွာ"

"အေးပါ လာပါပြီ ငယ်ငယ်ရ။ မပြေးနဲ့ဦး ချော်လဲနေမယ်"

မုန့်စားရဖို့ စိတ်ဇောနေသည့် ငယ်ငယ်က ခြေလှမ်း တပြင်ပြင်နှင့် ဖြစ်နေပြီ။ ဝယ်သူတွေ ကျနေသည်နှင့် ဒေါ်လေးနှင့် ဈေးကူ ရောင်းပေးသည့် အိမ်ရှေ့ အိမ်က ဒေါ်ကြီးထွေးတို့ကတော့ ရောင်းလိုက် ထုပ်ပိုးလိုက်နှင့် အလုပ်တွေ ရှုပ်လျက် ကျန်ခဲ့တော့သည်။

တကယ်တမ်းတော့ ကျောင်းပိတ်ရက်တိုင်း ဒေါ်လေးကို ဈေးကူရောင်း

mgyoe.com

mgyoe.com

ပေးဖို့ လိုက်လာခဲ့သည့် ကျွန်တော့်ကို ဒေါ်လေးက ဘာမှ ခိုင်းသည်မဟုတ်ပေ။ ငယ်ငယ်နှင့်အတူ မုန့်စားလိုက်၊ ရုပ်ပြဖတ်လိုက်နှင့်သာ နေရသည်ချည်းပင်။

လှည်းတန်းဈေးရုံကြီးအောက်ထပ်မှာ ဖွင့်ထားသည့် စားစရာဆိုင်တွေမှာ စားချင်သည်များ ဝယ်ပြီးသည်နှင့် မနီးမဝေးမှာရှိသည့် ရုပ်ပြများ၊ ဝတ္ထုများ ငှားရမ်းလို့ရသည့် ဦးလေးကြီး၏ ဆိုင်ကလေးမှာ ကျွန်တော်နှင့် ငယ်ငယ် နှစ်သက်ရာ စာအုပ်များ တစ်ပွေ့တစ်ပိုက် ဝင်ငှားရသည်ကလည်း ကျွန်တော့်အတွက် ပျော်စရာ၊ စိတ်လှုပ်ရှားစရာပါပင်။

ထိုအငှားဆိုင်ကလေးဟာ ကျဉ်းမြောင်းလှသည်မို့ စာအုပ်စင်ကလေး တစ်ခုပင် မရှိဘဲ ကြိုးတန်းကလေးတွေကို သီတန်းလို့ အပေါ် အောက် တန်းထားသည့် ကြိုးတန်းကလေးတွေကြားမှာ စာအုပ်ကလေးတွေကို ညှပ်ထားရသည်သာ။ ဈေးရုံ အပေါ်ထပ်၊ အောက်ထပ်နှင့် အပြင်ဘက်တန်းက ဆိုင်ရှင်အစ်မကြီးများကိုသာ အားထားနေရပုံပင်။ နေ့လယ်နေ့ခင်း ဈေးဝယ်သူပါးလို့ အိပ်ငိုက်ချိန်များတွင်တော့ စာဖတ်ဝါသနာပါသူ အစ်မကြီးများက စာအုပ်ဆိုင်ကလေးကို ပြန် အားကိုးကြသည်။ ကြိုက်နှစ်သက်ရာ စာအုပ်ကလေးတွေကို လာငှားဖတ်တတ်ကြသည်။

စာအုပ်တွေကို အိမ်ငှားမသွားဘဲ ဈေးချိန်မှာအပြီးဖတ်ကြပြီး ညနေ ဈေးသိမ်းခါနီး ပြန်အပ်လျှင်တော့ တစ်ရက်ဖတ်ခ အပြည့် မပေးရဘဲ သုံးပုံ တစ်ပုံသာ ပေးရသည်။ ဒါကြောင့်လည်း ကျွန်တော်နှင့် ငယ်ငယ်က ရုပ်ပြများကို လေးငါးအုပ် ငှားတတ်ကြပြီး ဈေးခုံပေါ်မှာ ထိုင်ရင်း တဝ ဖတ်ကြသည်။

"ညနေ ဆိုင်သိမ်းတော့မယ် ကလေးတွေ" လို့ ဒေါ်လေးက ဆော်သြလျှင်တော့ ပြန်အပ်ဖို့ အပြေးသွားရတော့သည်။

ထိုဆိုင်ကလေး၏ပိုင်ရှင် ဦးလေးကြီးသည်လည်း သဘောကောင်းကာ ချစ်စဖွယ်ပင်။ သူ့ကို ကြည့်လိုက်တိုင်း ငြိမ်သက်နေသည်မရှိ အမြဲလို အလုပ် လုပ်နေလေ့ရှိသည်။ သူ့ဆိုင်က စာအုပ်ဖုံးကလေးများကို ခိုင်ခံ့သပ်ရပ်အောင် ကြိုး ကလေးတွေနှင့် ချုပ်နေလေ့ရှိသလို ဈေးရုံထဲက ကျောင်းသားမိဘများ အပ်ထားသည့် ဖတ်စာအုပ် စာအုပ် အဖုံးများကိုလည်း ချုပ်နေလေ့ရှိသည်။

ကျွန်တော်တို့ ကျောင်းဖတ်စာ စာအုပ်လေးများကိုပင် အင်္ဂလိပ်သတင်း စာက အရောင်စုံ ရုပ်ပုံလေးများထပ်ပြီး ချုပ်ပေးဖို့ ဦးဆီက နိုင်ငံခြားသတင်းစာ အဟောင်းတွေကို ဒေါ်လေးက တောင်းပြီး နှစ်စဉ် အပ်ပေးခဲ့သေးသည်။ ငယ်ငယ် နှင့် ကျွန်တော့်စာအုပ်အဖုံး ကလေးများကတော့ ကျောင်းတက်လတွေမှာ အသစ်

mgyoe.com

mgyoe.com SAMPLE BOOK

ထပ်ချုပ်ရသည်က ရှားလှပေမင့် ဖတ်စာအုပ်တွေကို ပစ်ပေါက်တမ်း ဆော့ကစား တတ်သည့် သူ့ရ စာအုပ်ကတော့ နှစ်ပတ်၊ သုံးပတ်လောက်နေလျှင် အဖုံးအသစ် ချုပ်ရမြဲပင်။

အင်္ဂလိပ်သတင်းစာတစ်စောင်ဖြစ်သည့် တိုင်းမ် ဆိုသည့် သတင်းစာထဲက အလယ်ဖုံးလှလှလေးတွေနှင့် ချုပ်ထားသည့် စာအုပ်လေးများ မြင်လျှင် အတန်းထဲက သူငယ်ချင်းများက အားကျလှသည်။ သူငယ်ချင်းဆိုလို့ ငယ်ငယ့် သူငယ်ချင်း အောင်ရှိန်ဆိုသည့် ကောင်လေး၏ အမေကလည်း ဒီဈေးရုံအပေါ်ထပ်မှာပင် အကျီဆိုင်လေး ဖွင့်ထားသေးသည်။ တစ်ခါတစ်ရံဆို ငယ်ငယ်က ထိုကလေးဆီ သို့ အလည်သွားတတ်သေးသည်။ ကျွန်တော်က စာအုပ်များ ရွေးနေချိန်ဆို ငယ် ငယ်က ထိုကလေးရှိရာ အပေါ်အောက်ကို တက်လိုက် ဆင်းလိုက် ပြေးလွှား ဆော့ကစားနေတတ်သည်။

ကျွန်တော် ရုပ်ပြများ ရွေးနေဆဲ ဈေးအပေါ်ထပ်နှင့် အောက်ကို ကူး သန်းနေသည့် ငယ်ငယ်ဟာ မျက်နှာ စူပုတ်ပုတ်ဖြင့် ပြန်ရောက်လာသည်။ စိတ် ဆိုးလျှင် စူစူထော်ထော် ဖြစ်နေတတ်သည့် နှုတ်ခမ်းသည် ပိုစူထော်နေကာ ပါးစပ် ကလည်း တတွတ်တွတ် ရေရွတ်နေသေးသည်။ သူ့နောက် မနီးမဝေးတွင်တော့ သူ့သူငယ်ချင်း ကောင်လေးက ခပ်ရွံ့ရွံ့အနေအထားဖြင့် လှမ်းကြည့်နေသည်။

"ကိုကိုရေ ပြန်တော့မယ်လာ။ ငယ်ငယ် အဲ့ကောင်နဲ့ မဆော့တော့ဘူး။ သူ့ကိုလည်း မခေါ်တော့ဘူး။ သူ့ကြောင့် ငယ်ငယ့်လက်မှာ အနာဖြစ်သွားတာ"

တံတောင်ဆစ်က ပွန်းပဲ့ရာတွေကို ကြည့်ပြီး ငယ်ငယ်က ဆိုတော့ ကျွန်တော့်စိတ်ထဲ ထူပူသွားရသည်။ ကျွန်တော့်ညီမလေးရဲ့ လက်နုနုသေးသေးမှာ ဒဏ်ရာက အမာရွတ်တွေ ကျန်နေခဲ့မှာ စိုးသလို နာနေရှာတော့မှာပဲလို့ တွေးမိတော့ ဈေးဆိုင်ခုံကို ကွယ်ရင်း ခပ်လှမ်းလှမ်းကကြည့်နေသည့် ငတိလေးကို ဒေါသများပင် ထွက်မိသည်။

ကျွန်တော် မျက်ထောက်နီနှင့် လှမ်းကြည့်တော့ ငတိလေးရဲ့ ထိတ်လန့် ကြောက်ရွံ့သွားသည့်ပုံစံကို မြင်လိုက်ရသည်မို့ စိတ်လျှော့လိုက်ရသည်။ ရုပ်ပြ တွေကိုတောင် ဆက်မရွေးနိုင်တော့ဘဲ ငယ်ငယ့်လက်က အနာကို ဆေးကြော သန့်စင်ပြီး ဆေးမြန်မြန်လိမ်းဖို့ ငယ်ငယ့်လက်ကို ဆွဲလို့ ဆိုင်ကိုသာ ခပ်သွက်သွက် လှမ်းလာ မိတော့သည်။

"ကိုကို့ ငယ်ငယ့်လက်က နာလာပြီ"

mgyoe.com

"နာမှာပေါ့။ ကိုကို မပြောလား အဲဒီအပေါ်ကို တက်လိုက် ဆင်းလိုက် မလုပ်ပါနဲ့လို့။ အဲဒီ ကောင်လေးနဲ့ ကစားချင်တယ်ဆို သူ့ကို ဆိုင်ခေါ်လိုက်ပေါ့။ အခုတော့ မိန်းကလေးက သူရှိရာ အပေါ်ထပ် သွားကစားရတယ်လို့။ အခုတော့ ခံလာရပြီမဟုတ်လား။ နာမှာပေါ့"

"ငယ်ငယ့်လက် နာတာက ကိုကို အတင်းဆွဲထားလို့ နာနေပြီ ပြောတာ။ ဟိုကောင် အောင်ရှိန်လုပ်လို့ နာတာမဟုတ်ဘူးလေ ဟီးဟီး"

ငယ်ငယ့် စကားကြားမှ ခြေလှမ်းကြဲကြီးနှင့် လျှောက်နေမိသည့်အဖြစ်ကို သတိဝင်မိတော့သည်။ ငယ်ငယ်ဟာ ကျွန်တော့်ကြောင့် သူ့လက်ကလေး နာနေသည် ကိုတောင် တဟီးဟီးဖြင့် ပြန် စနောက်နိုင်သေးသည်။

"ဥုံဖွ ဥုံဖွ၊ ကိုကိုက ဆေးလိမ်းပေးမလို့ မြန်မြန်လျှောက်နေတာနဲ့ ငယ်ငယ့်လက်ကို မေ့ပြီး အတင်းဆွဲနေသလို ဖြစ်သွားပြီ။ ကိုကို့ ညီမလေး နာသွားပြီ"

ကျွန်တော့်နောက်ကို မပြေးရုံတစ်မယ် လိုက်လျှောက်နေရသည့် ငယ်ငယ့်ရဲ့ ပိန်ပိန်သွယ်သွယ်လက်ကလေးမှာပင် နီရဲလို့ပင်နေသည်။

"ဒါနဲ့ ငယ်ငယ်က ဒီဒဏ်ရာရအောင် ဟိုကလေးကို ဘာသွား လုပ်လိုက်သလဲ ကိုကို့ ကို ပြောစမ်းပါဦး"

"ဟာ၊ ငယ်ငယ်က ဘာမှမလုပ်ပါဘူး ကိုကိုရ။ သူ့အမေက အင်္ကျီလေး ချိတ်နေရင်းနဲ့ ရေအိမ်သွားချင်လို့ အင်္ကျီလေး ခဏ ကိုင်ထားပေးပါဆိုပြီး ထွက်သွားတယ်။ ငယ်ငယ်က အန်တီ့ကူပြီး အင်္ကျီတွေ ချိတ်ပေးနေကျပဲလေ။ အဲဒါ နည်းနည်း မြင့်နေလို့ ခုံပေါ်တက် ချိတ်ရတယ်။ အဲဒီအချိန် ဟိုငရှူးက ဘာတွေလာပြောမှန်း မသိဘူး ငယ်ငယ့်ကို သူက ကြိုက်နေတာတဲ့လေ။ ငယ်ငယ်က ပြန်မကြိုက်ရင် ထိုင်ခုံပေါ်က ပြုတ်ကျအောင် လုပ်ပစ်မယ်ဆိုပြီး စနေတာ။ ငယ်ငယ်က အမြင့်တွေ ကြောက်တတ်ပါတယ်ဆိုမှ ခြေထောက်တွေ တုန်လာပြီး ပြုတ်ကျရော။ ခုံနဲ့ ဆောင့်မိပြီး လက်မှာ ဒဏ်ရာရ သွားတာ။ အဲ့ကောင်က တကယ့် အရူးကောင်ပဲ သိလား ကိုကို။ ငယ်ငယ်က မငိုရဘဲ သူက ငိုနေသေးတာ။ ရယ်ရတယ်သိလား"

အဖြူရောင်ပေါ်မှာ အနီရဲရဲအလုံးကလေးတွေပါသည့် ဂါဝန်ကားကားကို ဝတ်ထားသည့် ငယ်ငယ့်ပုံစံဟာ ပုံပြင်ဒဏ္ဍာရီထဲက အရုပ်မလေးလိုပင်။ ခါးက လေးကို လက်တစ်ဖက်က ထောက်ပြီး သူ့သူငယ်ချင်း ကောင်လေးအကြောင်း ကိုပြောရင်းက အူလိုက်သည်းလှိုက်ပင် ရယ်နေပါသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီအကောင် အရွယ်ကလေးကငယ်ငယ်နဲ့ ဘယ်က စကားတွေများ တတ်လာရသလဲ။ ကလေးက ကလေးကို ကြိုက်တယ်လို့ ပြောစရာလား။ တကယ့်ကောင်ကွာလို့ တွေးရင်း ကျွန်တော့်ရှေ့မှာ ရယ်မောနေသည့် ညီမငယ်လေးအတွက် စိတ်ပူသွားမိသည်။

နောက်နေ့တွေဆို ဒီကောင့်ဆီ မလွတ်မှလို့လည်း တွေးလိုက်မိသေးသည်။ ဒါတောင် သူ့ညီမလေးဟာ အရွယ်ငယ်ငယ် ကလေးရှိသေးတာ။ သူ့ညီမလေး ချစ်စရာကောင်းပုံမျိုးနှင့်ဆို နောင်များ အရွယ်ရောက်လာသည့်အခါ ဒေါ်လေးပြောသလို အစ်ကိုတွေမှာ ဒုက္ခများကြဦးမှာဆိုသည့် စကားလိုပင် ဖြစ်နေလိမ့်ဦးမည်လားမသိ။

❑

ကျွန်တော်တို့တက်ရောက်ရာ ကျောင်းကလေးသည် ကျွန်တော်တို့နေထိုင်ရာ အိမ်နှင့် မနီးမဝေးတွင် တည်ရှိသည်။ ရန်ကုန်မြို့၏ နာမည်ကျော်လှည်းတန်းဟု လူသိများလှသည့် အချက်အချာကျရာ နေရာလည်းဖြစ်သဖြင့် ကျောင်းသွားချိန်နှင့် ကျောင်းပြန်ချိန်များသည် ကျွန်တော့်အတွက် ပျော်ရွှင်စရာနေ့ရက်များပင်။ ၆ လမ်း၊ ၇ လမ်းက ဖြတ်လျှောက်သွားလျှင်လည်းရသလို ထိုလမ်းနှစ်ခုဆုံရာ ဈေးရောင်းဈေးဝယ်များဖြင့် လှုပ်ရှားအသက်ဝင်နေသည့် ပေ ၅၀ လမ်းမကြီးပေါ်ကလျှောက်လျှင်လည်းရသည်၊ ထန်းတပင်လမ်းနှင့် စေတနာသုခလမ်းဆိုသည့် လမ်းသွယ်များကလည်း သွားလျှင်လည်း ရသည်။

မနက်ခင်း ကျောင်းသွားချိန်ဆို လူစည်ကားစပြုနေပြီဖြစ် သည့်ဈေးကလေးထဲက လှုပ်ရှားအသက်ဝင်နေသည့် ပုံရိပ်တွေကို ငေးမောပြီး ဖြတ်လျှောက်ရသည်ကပင် စိတ်ဝင်စားစရာ ကောင်းလှသည်။ ကျောင်းအပြန်ဆိုလျှင်တော့ ငယ်ငယ် သဘောကျတတ်သည့် ပန်းကလေးများရှိသည့် ခြံဝင်းအကျယ်ကြီးတွေနှင့် တိတ်ဆိတ်နေတတ်သည့် စေတနာသုခလမ်းက ဖြတ်လျှောက်ပြီး ပြန်တတ်သေးသည်။

"စေတနာသုခလမ်းက ခြံကြီးထဲမှာ ဆေးလိပ်ခုံရှိခဲ့တယ်။ ဒေါ်လေးတို့ငယ်ငယ်က အဲဒီမှာ နေခဲ့တာပေါ့။ ဆေးလိပ်ခုံကြီး မီးလောင်တော့လေ ပိန်ပိန်သေးသေးလေးရှိတဲ့ ဒေါ်လေးအမေက ထဘီတွေထည့်ထားတဲ့ သေတ္တာအလေးကြီးကို မ,ပြီး ထွက်လာတာတော့။ ဟော မီးလည်း ငြိမ်းရော အဲဒီသေတ္တာကြီးကို သူ ဘယ်လိုမှ ပြန် မသယ်နိုင်တော့ဘူး။ အဲဒီတုန်းက ဒေါ်လေးတို့မှာ မီးထဲ ပစ္စည်းတွေပါ

mgyoe.com

mgyoe.com SAMPLE BOOK

သွားလို့ ငိုရတာထက် အမေ့ကိုကြည့်ပြီး ရယ်လိုက်ကြတာများလေ အခုနေ ပြန်ပြောတိုင်း လွမ်းလည်း လွမ်း၊ ပြန်လည်း သတိရမိတယ်"

ဒေါ်လေးက သူ့ငယ်ဘဝများကို ပြန်ပြောင်းပြောမိသည့်အခါတိုင်း ထိုအကြောင်းကိုပါ ပြောပြတတ်သည်မို့ ကျွန်တော် မသိမီလိုက်ရသည့် မီးလောင်သွားခဲ့သည်ဆိုသည့် ထိုခြံနေရာကို စိတ်မှန်းနှင့် ပုံဖော်ရင်း သေတ္တာအလေးကြီးကို မ,ပြီး ထွက်လာသည့် ပိန်ပိန်သေးသေး ဒေါ်လေး အမေဆိုသူကိုပင် မမြင်ဘူးလိုက်ရဘဲ ချစ်ခင်နှစ်လို စိတ်ဖြင့် ပြုံးရယ်မိသေးသည်။ ရံခါတော့ ပိုးဟပ်ဖြူလေးလို ပိန်ပိန်သေးသေးလေး ငယ်ငယ်က ဒီလမ်းကလေးက ဖြတ်လျှောက်တိုင်း-

"ဟောဟိုနေရာမှာ ငယ်ငယ်နေခဲ့တာပေါ့ ကိုကိုရ။ မေမေကလေ ငယ်ငယ်အဲဒီနေရာရောက်တိုင်း အခုလိုပြောတဲ့အခါဆို ငယ်ငယ့်ကို ဖက်ပြီး သူ့အမေ ဝင်စားတာဆိုပြီး ငိုတတ်သေးတယ်။ နောက်ဆို ဒီလမ်းက ဖြတ်မလျှောက်ရဘူး။ အဲဒီခြံတွေဘက်ကို မကြည့်ရဘူးလို့ ပြောထားတာ။ ငယ်ငယ်ကတော့ ဒီခြံကြီးတွေကို သဘောကျတယ်။ မေမေ့ကို ပြန်မပြောရဘူးနော်။ အင်းပါ၊ ကိုကိုက ကိုကြီးသူရလို မဟုတ်ပါဘူး ပြန်မတိုင်ဘူးဆိုတာ ငယ်ငယ်က သိပြီးသား"

သူ့ဘာသာတွေး၊ သူ့ဘာသာ ကောက်ချက်ချသွားသည့် ငယ်ငယ်ဟာ လမ်းတစ်လျှောက် ဆော့ကစားရင်းကနေ ခြံအပြင်ကို တိုးထွက်နေသည့် အပင်တို့ဆီက အကိုင်းအခက်များကိုလည်း မမီမကမ်း ခုန်ဆွဆွဖြင့် လှမ်းဆွဲရင်း ခူးယူဖို့ လုပ်တတ်သေးသည်။ သူ လိုချင်သည့် ပန်းကလေးများတွေ့ရင်လည်း လူရိပ်လူခြည်ကြည့်ပြီး စိတ်ကျေနပ်အောင် နည်းနည်းစီ ခူးပေးရသေးသည်။

"ကိုကိုရေ ပြေးတော့ ပြေးတော့"

ဆိုသည့် ငယ်ငယ့် အသံကြားလျှင်တော့ နှစ်ယောက်သား တိုင်ပင်ထားစရာမလိုအောင်ပင် ပြေးပေတော့ပင်။ အဲဒီအချိန်တိုင်း ကျွန်တော့်ထက် ဦးအောင်သုတ်ခနဲ ပြေးတတ်သည်မှာ ငယ်ငယ်ပင်။ ကျွန်တော်ကတော့ စလွယ်သိုင်းထားသည့် ကျွန်တော့် လွယ်အိတ်နှင့် ငယ်ငယ့်လွယ်အိတ်များကို ကိုင်ရင်း မနိုင်မနင်း ပြေးရသည်မို့ ကိုးရိုးကားရားဖြစ်ကာ တစ်ခါတစ်ခါ ချော်လဲလိုက်သေးသည်။ အိမ်ဘက်ရှိရာ လမ်းထိပ်ဘက်ကို ရောက်ကာမှ အမောဖြေရသည်။

ငယ်ငယ်ကတော့ ကျွန်တော့်ကို ကြည့်ပြီး လက်ခုပ် လက်ဝါး တီးကားပင် သဘောကျနေတော့သည်။ အတော်ဆိုးသည့် ငယ်ငယ်ရယ်လေ။ အဲဒီတော့မှ တကယ် မဟုတ်ပါဘဲ ငယ်ငယ် တစ်ယောက် ကျွန်တော့်ကို တမင် စနောက်သည်ကို

mgyoe.com

mgyoe.com SAMPLE BOOK

သိတော့သည်။

ကျွန်တော်ကလည်း ကျွန်တော်ပင် အဲဒီအချိန်တိုင်း သတိမထားမိပါဘဲ ငယ်ငယ်နှင့်အတူ ရောယောင်ပြီး ပြေးမြပင်။ မောတုန်းသာ ဒီလို စနောက်ရပ့်မလား ရယ်လို့ ဒေါသထွက်မိပေမယ့် ပြီးတော့လည်း ခဏပါပဲ စိတ်ပြေရမြဲ။ ကျွန်တော့် ညီမလေး ငယ်ငယ်ဟာ အဲဒီလိုလည်း အစအနောက်က သန်တတ်သေးသည်။

ညနေ ထမင်းဝိုင်းမှာ အသံလေး တစာစာဖြင့် ရှိနေတတ်သည့် ငယ်ငယ် ဟာ ဒီနေ့တော့ဖြင့် ငြိမ်ချက်သား ကောင်းစွာ တိတ်ဆိတ်နေသည်။ ထမင်းကို တို့ကနန်း ဆိတ်ကနန်းဖြင့် တို့ထိနေပြီး ဒေါ်လေးနွယ် မျက်နှာကို တစ်လှည့်၊ ဦး မျက်နှာကို တစ်လှည့် ကြည့်လိုက်နှင့် ရှိနေသည်။

"မီးငယ် ဘာဖြစ်နေတာလဲ ထမင်းစားနေတာ စိတ်မပါသလိုပုံမျိုးနဲ့။ ဘာတွေဖြစ်နေတာတုန်း။ ဟင်း မကြိုက်ဘူး ဆိုပြီး ချေးများမယ် မကြံနဲ့နော်။ တုတ်စာနော် တုတ်စာ"

"မဟုတ်ပါဘူး မေကြီးရ။ ငယ်ငယ် ပြောစရာရှိလို့"

"အမယ် ဘာတွေများ ပြောစရာတွေက ရှိနေပြန်တာလဲ"

"ဟိုလေ၊ ဟို ဟင့်ဟင်း ဘာမှ မဟုတ်တော့ဘူး"

ငယ်ငယ်က စကားကို မဆက်ဘဲ ဒေါ်လေးနွယ် မျက်နှာကို အကဲခတ် သလို ကြည့်နေပြန်ပါသည်။

"မေကြီးသမီး ငြိမ်နေတာ အကောင်းမှတ်လို့လား။ သူ့သူငယ်ချင်း သဇင် သင်းရဲ့အကျီကို ခဲတံချွန်တဲ့ ဓားနဲ့ ဖျက်ဆီးပစ်လိုက်လို့ဆိုပြီး ဒီနေ့ သဇင်သင်း အမေက ကျောင်းကို လာတိုင်တယ်။ အဲဒါ ဆရာမက မနက်ဖြန် မိဘခေါ် ခဲ့ရမယ် ဆိုပြီး ပြောထားလို့ သူ့အပြစ်နဲ့သူ ငြိမ်ကုပ်နေတာ"

သူ့ရစကားဆုံးတော့ ဒေါ်လေးနွယ်၏အကြည့်စူးစူးက ငယ်ငယ့်ဆီကို ရောက်သည်။ ငယ်ငယ်ကတော့ အပြစ်လုပ်ထားသူပီပီ ဒေါ်လေးနွယ်၏ မျက်နှာရိပ် မျက်နှာကဲကို လှမ်းကြည့်နေသည်။

"မီးငယ်၊ ညည်းအစ်ကိုပြောတာ တကယ်ပဲလား"

ဒေါ်လေးနွယ် စကားကို ငယ်ငယ်က ခေါင်းခါရင်း မဟုတ်ကြောင်း ဆို လေသည်။

"သူများအကျီကို ငယ်ငယ် ဖျက်ဆီးတာ မဟုတ်ပါဘူး"

"ညည်းဖျက်ဆီးတာ မဟုတ်ဘူးဆို သဇင်သင်း အမေက ဆရာမကို

mgyoe.com

mgyoe.com SAMPLE BOOK

ဘာလို့တိုင်လဲ။ မှန်မှန်ပြောနော် လိမ်မပြောနဲ့”

“ငယ်ငယ် မလိမ်ပါဘူး။ ငယ်ငယ်က ဖျက်ဆီးတာ မဟုတ်ပါဘူးဆို။ သူ့အင်္ကျီကို ပိုလှအောင် လုပ်ပေးလိုက်တာ။ သူလည်း သဘောတူတာပဲဟာကို”

“ခဲတံချွန်တဲ့ ဓားနဲ့ မဟုတ်တာ ဆော့စရာလား။ မတော် ဒုက္ခ များကုန်မှဖြင့်။ ယောကျ်ားလေးနှစ်ယောက်တောင် ကျောင်းကို မိဘတွေ ခေါ်ဖို့ အတိုင်မခံရဘူး။ မိန်းကလေးတန်မယ့် မိဘတွေ ခေါ်လာဖို့ အတိုင်ခံရသတဲ့ အံ့ဩပါ့အေ။ ညည်း ဘယ်လို မိန်းကလေးလဲ။ ငါတော့ ရှက်လို့ မလိုက်နိုင်ဘူး။ မိန်းကလေးက မိန်းကလေးလို မနေဘူး။ အာပေါက်အောင် ပြောရတယ် တော်တော်ဆိုးတဲ့ ကောင်မလေး။ အကြီးကောင် ကြိမ်လုံး သွားယူလာခဲ့စမ်း။ နောက် လုပ်ဦးမလား”

ဒေါ်လေးက ကြိမ်နှင့် လိုက်ရိုက်သည်မို့ ငယ်ငယ်ဟာ ရှောင်ရင်းတိမ်းရင်းဖြင့် ထမင်းစားပွဲဝိုင်းကို ပတ်ပြေးတော့သည်။ ထုံးစံအတိုင်း ဦးက လိုက်ဆွဲသည်မို့ ဦးပါ သိမ်းကျုံးအရိုက်ခံရတော့သည်။

ငယ်ငယ်ဟာ သူ့သူငယ်ချင်း ကောင်မလေး၏ ဂါဝန်ကို ပိုလှအောင် လုပ်ပေးမည်ဆိုကာ ပန်းပွားလွယ်အိတ်က ပုံစံအတိုင်း ဂါဝန်အောက်ခြေအနားကို ခဲတံချွန်ရသည့် ဓားလေးနှင့် ပုံဖော်ပေးလိုက်သည်တဲ့။ ထိုကလေးက ကျောင်းတွင်တော့ သဘောကျနေပေမယ့် အိမ်ရောက်တော့ အမေဖြစ်သူ ဆူမည်စိုးသောကြောင့် နှစ်ဦးသား သဘောတူပြီး ဆော့ကစားကြသည့်အဖြစ်ကို ပြန်ပြောပုံမရတော့။

အမေဖြစ်သူက ကျောင်းမှာ သူ့ကလေးကို ငယ်ငယ်က အနိုင်ကျင့်ကာ ဂါဝန်ကို ဆုတ်ဖြဲပစ်သည်ဆိုကာ ဆရာမဆီ လာတိုင်တော့သည်။ သူရနှင့် ကျွန်တော့်ကြောင့် ဆရာမ အခေါ်မခံရဘဲ မိန်းကလေးဖြစ်သည့် သူ့ကြောင့် မိဘခေါ်ရမလားဆိုကာ ဒေါ်လေးက စိတ်ဆိုးသဖြင့် ကျောင်းကို မလိုက်ဟုဆိုကာ ကြိမ်လုံးဖြင့်ပင် ဆော်လိုက်သေးသည်။

သမီးဖြစ်သူကို မျက်နှာအပျက်မခံအောင် ချစ်လေသည့် ဦးကတော့ သူ့ကျောင်းရှိရာသို့ မသွားခင် ငယ်ငယ့်အတန်းပိုင် ဆရာမဆီ လာတွေ့ရှာသည်။ လာတိုင်သည့် မိဘဖြစ်သူ ယူလာပြလေသည့် ငယ်ငယ့်လက်ရာ ဂါဝန်ကို ကြည့်ပြီး အခန်းပေါက်ကနေ အခြေအနေကို ချောင်းကြည့်နေသည့် ကျွန်တော်နှင့် အတန်းပိုင် ဆရာမသာမက ဦး ပါ မျက်နှာပိုးမသတ်နိုင်ဘဲ အသံများ ထွက်အောင်ပင် ရယ်မိတော့သည်။

လာတိုင်သည့် အဒေါ်ကြီး၏မျက်နှာက အတော်ကို စူပုတ်ကာ မကျေမနပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်နေလေသည်မို့ ဆရာမက အချိန်မီ မျက်နှာပိုး သတ်နိုင်ပေမယ့် ခပ်ပျော်ပျော်နေတတ်သည့် ဦးကတော့ မျက်မှန်ကို အပေါ်ကို ပင့်တင်လိုက် နှုတ်ခမ်းကို တင်းတင်းစိထားလိုက်နှင့် ရယ်ချင်နေသည့်စိတ်ကို ထိန်းနိုင်ဖို့ အတော်ကြိုးစားနေပုံရပါသည်။

ခဲတံချွန်သည့် စားဒဏ်ကြောင့် အောက်အနား တစ်ခုလုံး မွစာကြဲသလို စုတ်ဖွာနေသည့် ဂါဝန်ကို မြှောက်ကာ ပင့်ကာဖြင့် ပြနေသည့် အဒေါ်ကြီးနားမှာ ရပ်နေသည့် ထိုအဒေါ်ကြီး၏ သမီးဖြစ်သူနှင့် သူနှင့် မလှမ်းမကမ်းတွင် ဆရာမဆူတုန်းခဏသာ မျက်နှာသေကလေးနှင့် လက်ကလေးပိုက်ရပ်နေသည့် ငယ်ငယ်တို့ကတော့ တီးတိုး ပြောနေရင်း စနောက်နေသေးသည်။ တစ်ခါတစ်ခါ ဆရာမက ဝင့်ကြည့်လိုက်လျှင်တော့ နှစ်ယောက်သား မျက်နှာသေလေးတွေ ဖြစ်သွားကာ သူတို့မဟုတ်သည့်အတိုင်း ငြိမ်သက်တိတ်ဆိတ် သွားတတ်ကြသည်။ ဆရာမ တစ်ဖက်လှည့်သွားရင်တော့ နှစ်ဦးသား ခေါင်းချင်းဆိုင်ကာ တီးတိုးဆိုနေကြပြန်သည်။

ငယ်ငယ် ပြောနေသည်ကို တစ်ဖက်က ကလေးမလေးက ခေါင်းလေး တညိတ်ညိတ်နှင့် ထောက်ခံနေပုံပင်။ ကျွန်တော့်မှာတော့ ဘယ်အချိန်များ သူတို့ကို ဆရာမ ထရိုက်လေမလဲ အကွယ်က ချောင်းကြည့်နေရင်းက ရင်ထဲ တထိတ်ထိတ်ဖြင့် စိတ်မောနေမိတော့သည်။

"ဟုတ်ကဲ့ ဆရာမ၊ နောင် မဖြစ်စေရပါဘူး။ ဒီက အစ်မကိုလည်း ကျွန်တော်ကပဲ အနူးအညွတ်တောင်းပန်ပါတယ်ဗျာ။ အစ်မ သမီးလေးရဲ့ ပျက်စီးသွားတဲ့ ဂါဝန်လေးအတွက်လည်း တောင်းပန်တဲ့အနေနဲ့ ကျွန်တော် ယူလာတဲ့ လက်ဆောင်လေးကို ပေးပါရစေ။ လက်ခံပေးပါခင်ဗျာ။ ထပ်ပြီးတော့လည်း တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်လည်း ကျောင်းကို အစောဝင်ရမှာမို့ သွားခွင့်ပြုပါဦးဗျာ"

ဆရာမနှင့် အဒေါ်ကြီးကို တောင်းပန်စကားဆိုရင်း အခန်း အပြင်ဘက်ကို ဦး ပြန်ထွက်လာသည်။ ငယ်ငယ်ကတော့ အဖေဖြစ်သူ၏ အနောက်ကနေ လက်ကလေးပိုက်ကာ မျက်လွှာကလေး အောက်ချလို့ ကုပ်ကုပ်ကလေး လိုက်လာရင်း မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေသည်။ အခန်းအပြင်ဘက်မှာ စောင့်နေသည့် ကျွန်တော့်ကို လှမ်းမြင်တော့ အပြေးကလေး ရောက်လာသည်။

"ချော်လဲပဲ့မယ် ညီမလေးရဲ့။ ဖြည်းဖြည်းလာမှပေါ့။ ငယ်ငယ် ဆူခံရသေးလား"

"ဖေကြီးက ငယ်ငယ့်ကို ချစ်ပြီးသားမို့ မဆူတော့ဘူးတဲ့ ကိုကိုရ။ မနေ့က

mgyoe.com